# ပင်တာကျူ

သင်ခန်းစာ သုံး

ပရဒိသုဘုံ ပျောက်ဆုံးခြင်းနှင့် ရှာတွေ့ခြင်း

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

စာပေဖွဲ့စည်းပုံ ........ 2

ခြုံငုံသုံးသပ်ချက် ........ 2

ဥယျာဉ်၌ ........ 2

မြှင့်တင်ခြင်းအခြေအနေ ........ 2

ကျိန်ခြင်းအခြေအနေ ........ 3

ဥယျာဉ်အပြင်၌ ........ 3

ညီညွတ်မှု ........ 4

အစပြုခြင်းနှင့်အဆုံးသတ်ခြင်း ........ 4

အလယ်အပိုင်းများ ........ 5

မူလအစီပွါယ် ........ 7

ဥယျာဉ် ........ 7

အထောက်အထား ........ 7

သန့်ရှင်းခြင်း ........ 10

သစ္စာစောင့်သိခြင်း ........ 13

ဒေင်တွင် ........ 13

ခါနန်၌ ........ 14

အကျိုးဆက်များ ........ 16

သေခြင်း ........ 16

နာကျင်ခြင်း ........ 17

ဖယ်ထုတ်ခြင်း ........ 18

ခေတ်သစ်ကျင့်သုံးမှု ........ 20

နိုင်ငံတော်တည်ထောင်ခြင်း ........ 21

ပေါလု ........ 21

ရှင်မသဲ ........ 22

ဆက်လက်တည်ရှိခြင်း ........ 24

ပေါလု ........ 24

ရှင်ယာကုပ် ........ 24

ပြီးပြည့်စုံခြင်း ........ 25

ရောမသြဝါဒစာ ........ 25





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖွင့်လှစ်ဖော်ပြခြင်း ........ 26
**နိဂုံး ........ 27**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

# နိဒါန်း

လူတိုင်းသည် တစ်ချိန်ချိန်တွင် တစ်စုံတစ်ခုကို ပျောက်ဆုံးတတ်ကြသည်ဟု ကျွန်ုပ်ထင်ပါသည်။ ၎င်းသည်စာအုပ်တစ်အုပ်ဖြစ်နိုင်သည်။ သင်၏အိမ်သော့ဖြစ်နိုင်သည်။ သင်နှင့်ပတ်သက်၍ကျွန်ုပ်မသိပါ၊ သို့သော် တစ်စုံတစ်ရာကို ပျောက်ဆုံးသောအခါ ကျွန်ုပ်ပထမဆုံးလုပ်သောအရာသည် အဖြစ်အပျက်များကို ခြေရာပြန်ကောက်ပါသည်။ ကျွန်ုပ်၏စိတ်ထဲတွင်၊ ပျောက်သွားသည့်အရာကို မည်သည့်နေရာတွင် ထားခဲ့သည်ကို ပြန်သတိရဖို့ရန် တစ်ဆင့်ချင်း နောက်ပြန်စဉ်းစားကြည့်သည်။ ထို့နောက်၊ ကျွန်ုပ်၏ခြေရာများကိုခြေရာပြန်ကောက်ပြီး၊ မည်သည့်နေရာ၌မှားခဲ့သည်ကိုမြင်ရန် ဂရုတစိုက်နောက်ပြန်ဆုတ်ပါသည်။ သော့များကို သူတို့ရှိသင့်သောနေရာစားပွဲပေါ်တင်လိုက်သည်၊ စာအုပ်ကိုစာအုပ်စင်ပေါ် ပြန်ထားသည်။ ခြေရာပြန်ကောက်ခြင်းနှင့် နောက်ပြန်ဆုတ်ခြင်းသည် ပျောက်သွားသောအရာကို ရှာတွေ့ရန် ကျွန်ုပ်သိသည့်အကောင်းဆုံးနည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။

ယခု၊ ကျွန်ုပ်တို့သည် ဤသင်ခန်းစာကို "ပရဒိသုဘုံ ပျောက်ဆုံးခြင်းနှင့် ရှာတွေ့ခြင်း" ဟု ခေါင်းစဉ်တပ်ထားပြီး ဒေင်ဥယျာဉ်တွင် အာဒံနှင့်ဧဝ၏အပြစ်အကြောင်းဖော်ပြသော ကမ္ဘာဦး ၂:၄–၃:၂၄ ကိုကျွန်ုပ်တို့အာရုံစိုက်ပါမည်။ ထိုဒေင်ဥယျာဉ်တွင် အာဒံနှင့်ဧဝတို့လုပ်ဆောင်ခဲ့သော ခြေရာများကို ခြေရာပြန်ကောက်ရန်နှင့် နောက်ပြန်ဆုတ်ကာ ဣသရေလလူမျိုးအား ခွန်အားပေးရန်အတွက် ပရဒိသုဘုံ ဆုံးရှုံးခြင်းအကြောင်း မောရှေရေးသားခဲ့သည်ကို ကျွန်ုပ်တို့တွေ့ရပါမည်။ ဤဇာတ်လမ်းမှ ဣသရေလတို့ သင်ယူနိုင်မှသာလျှင် ပရဒိသုဘုံကို ပြန်ရှာတွေ့နိုင်မည်ဟု မျှော်လင့်နိုင်ပြီး၊ ဣသရေလတို့အား မောရှေ ပေးခဲ့သောအားပေးမှုသည် ယနေ့ ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ သတင်းစကားဖြစ်ကြောင်းလည်း မြင်တွေ့ရမည်ဖြစ်သည်။ အာဒံနှင့်ဧဝ၏ခြေရာများထံပြန်သွားခြင်းဖြင့် ယနေ့ခရစ်ယာန်များသည်လည်း ပရဒိသုဘုံကိုရှာဖွေနိုင်သည်။ ကမ္ဘာဦးကျမ်း ၂ နှင့် ၃ အားစစ်ဆေးခြင်းကို အပိုင်းသုံးပိုင်းခွဲပါမည်_ ပထမဦးစွာ၊ ဤကျမ်းပိုဒ်၏စာပေဖွဲ့စည်းပုံကို လေ့လာသုံးသပ်မည်။ ဒုတိယ၊ ဣသရေလလူမျိုးများအတွက် မောရှေသည် အဘယ်ကြောင့်ရေးသားခဲ့သည်ကို ပိုင်းခြားသိရှိရန် ဤအခန်းများ၏ မူလအဓိပ္ပာယ်ကို ကျွန်ုပ်တို့အာရုံစိုက်ပါမည်။ တတိယအနေနှင့်၊ ကျွန်ုပ်တို့၏အသက်တာတွင် ဤကျမ်းပိုဒ်ကိုသင့်လျော်စွာ အသုံးပြုခြင်းဆီသို့ ဓမ္မသစ်ကျမ်းသည် မည်သို့လမ်းညွှန်ပေးသည်ကို မေးမြန်းခြင်းဖြင့် ခေတ်သစ်အသုံးပြုမှုကို အာရုံစိုက်ပါမည်။ ကျမ်းပိုဒ်၏စာပေဖွဲ့စည်းပုံနှင့် စတင်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# စာပေဖွဲ့စည်းပုံ

ကမ္ဘာဦးကျမ်း ၂–၃ သည်ရှည်လျားပြီး အကြောင်းအရာများစွာကို ထိမိသော်လည်း၊ ၎င်းသည် အမှန်တကယ်တွင် စုစည်းထားသောဇာတ်ကြောင်းတစ်ခုကို ပုံဖော်ထားသည်။ ဤကျမ်းပိုဒ်ကို ကောင်းစွာနားလည်ရန်၊ ဤအခန်းနှစ်ခန်းကို စာပေစံနှုန်းတစ်ခုအဖြစ် အာရုံစိုက်ရန်လိုသည်။ ကမ္ဘာဦး ကျမ်း ၂–၃ တွင်ရှိသောစာပေဖွဲ့စည်းပုံဆိုင်ရာ စစ်ဆေးမှုတွင် အဓိကစိုးရိမ်ပူပန်မှုနှစ်ခုရှိသည်_ ဦးစွာ၊ ကျမ်းပိုဒ်၏အဓိကအပိုင်းများကို ခြုံငုံသုံးသပ်ရမည်ဖြစ်သည်။ ဒုတိယ၊ ဤကဏ္ဍများကြားတွင် သိသာ ထင်ရှားသော ညီညွတ်မှုအချို့ကို မှတ်ချက်ပေးပါမည်။ သို့မှသာ ဣသရေလလူမျိုးအား မောရှေပြောခဲ့ သည်များကို ကျွန်ုပ်တို့နှလုံးသွင်းနိုင်မည်ဖြစ်သည်။ ကမ္ဘာဦးကျမ်း ၂–၃ ၏ စာပေဖွဲ့စည်းပုံကို ခြုံငုံသုံးသပ် ခြင်းဖြင့် စကြပါစို့။

# ခြုံငုံသုံးသပ်ချက်

၂:၄ ၏ပထမပိုင်းတစ်ဝက်တွင်ပါရှိသော ခေါင်းစဉ်အကျဉ်းဖော်ပြချက်မှလွဲ၍၊ ဤအခန်းနှစ်ခန်း ကို အဓိကကဏ္ဍလေးခုအဖြစ် ပိုင်းခြားထားပြီး၊ ဤအဓိကအပိုင်းလေးခုကို ခေါင်းစဉ်များနှင့်စရိုက် လက္ခဏာအပြောင်းအလဲများဖြင့် အထူးဖော်ပြထားသည်။ ကျွန်ုပ်တို့သည် ဤအဆင့်လေးဆင့်ကို လေ့လာပြီး ၎င်းတို့၏ အခြေခံအကြောင်းအရာကို အကျဉ်းချုပ်သင့်သည်။

## ဥယျာဉ်၌

ကျွန်ုပ်တို့ဇာတ်လမ်း၏ပထမဆုံးသော သိသာထင်ရှားသောခြေလှမ်းသည် ဘုရားသခင်သည် အာဒံကို ဧဒင်ဥယျာဉ်တွင်ထားတော်မူကြောင်း ၂:၄–၁၇ တွင်တွေ့ရသည်။ ဤအခန်းငယ်များသည် ဧဒင်ဥယျာဉ်၏ မြင်ကွင်းကျယ်ဖြင့် အစပြုကာ၊ ကျွန်ုပ်တို့အား ကျမ်းပိုဒ်ဖော်ပြသည့်အတိုင်း၊ ဥယျာဉ် တစ်ခုလုံးသည် အာဒံအတွက်နေထိုင်ရန်နှင့် အလုပ်လုပ်ရန် ခမ်းနားသောနေရာဖြစ်သည်။ ထို့နောက် ဤအပိုင်း၏ အကြောင်းအရာများသည် အာဒံအားဖန်ဆင်းခြင်းနှင့် ဥယျာဉ်အတွင်းလုပ်ဆောင်ရန် သူ၏တာဝန်ကို ဦးတည်ဖော်ပြလာသည်။ အာဒံသည် ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ကြီးမြတ်သောအခွင့်ထူးကို ပေးအပ်ခြင်းခံရသည်။ သူသည် ဘုရားသခင်ကိုယ်စား ဥယျာဉ်ကို စောင့်ရှောက်ရန်ဖြစ်သည်။

## မြင့်တင်ခြင်းအခြေအနေ

ကျွန်ုပ်တို့ဇာတ်ကြောင်း၏ဒုတိယအဆင့်အား ၂:၁၈–၂၅ တွင်တွေ့ရပြီး၊ လူသားမျိုးနွယ်၏ "အခြေအနေမြင့်တင်ခဲ့သည်" ဟုသတ်မှတ်ပါမည်။ ဤအကြောင်းအရာတွင် ဘုရားသခင်သည် အာဒံ၏ အသက်တာ၌ သာ၍ကြီးသောကောင်းချီးများ ထပ်လောင်းပေးခဲ့သည်။ ဤကဏ္ဍသည် ၂:၁၈ တွင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မှတ်သားထားသည့် ပြဿနာအသစ်တစ်ခုကို မိတ်ဆက်ခြင်းဖြင့်စတင်သည်။ ထိုနေရာတွင်၊ ဘုရားသခင်သည် အာဒံကိုကြည့်ရှုပြီး ဤစကားများကိုမိန့်တော်မူခဲ့သည်–

> ထာဝရအရှင်ဘုရားသခင်ကလည်း၊ ယောကျ်ားသည်
> တယောက်တည်းမနေကောင်း၊ သူနှင့်တော်သော အထောက်အမကို
> သူ့ဘို့ငါလုပ်ဦးမည်ဟု အကြံရှိတော်မူ၏ (ကမ္ဘာ ၂း၁၈)။

ကျန် ၂:၁၈-၂၅ သည်ဤပြဿနာကို ဘုရားသခင် မည်သို့ဖြေရှင်းကြောင်း ဖော်ပြသည်။ အာဒံသည် တိရစ္ဆာန်များကြားတွင် လက်တွဲဖော်ကိုရှာဖွေခဲ့ပြီး၊ နောက်ဆုံးတွင် ဘုရားသခင်သည် လူမိန်းမတစ်ဦးကိုဖန်ဆင်းကာ အာဒံထံသို့ ပို့ဆောင်ပေးခဲ့သည်။ ဤနည်းအားဖြင့်၊ ဘုရားသခင်သည် အာဒံနှင့်ဧဝအတွက် သူပြုလုပ်ထားပြီးဖြစ်သည့် အံ့ဖွယ်ဖန်ဆင်းခြင်းများကို အလွန်တိုးတက်စေခဲ့သည်။

## ကျိန်ခြင်းအခြေအနေ

ကျွန်ုပ်တို့ဇာတ်ကြောင်း၏တတိယအဆင့်သည် ၃:၁-၂၁ ဖြစ်ပြီး၊ လူသားမျိုးနွယ်၏ "ကျိန်ခြင်းအခြေအနေ" ဟုခေါ်ဆိုပါမည်။ ဤအကြောင်းအရာသည် သွေးဆောင်သောမြွေနှင့်ပတ်သက်ပြီး၊ ခေါင်းစဉ်အသစ်နှင့် စရိုက်လက္ခဏာအသစ်မိတ်ဆက်ခြင်းဖြင့် ၃:၁ တွင် စတင်သည်။ ဤအချက်မှစ၍၊ ၃:၁-၂၁ သည် မြွေ၏သွေးဆောင်မှုနှင့် သွေးဆောင်မှုရလဒ်များကို ဖော်ပြသည်။ ဧဝသည် မြွေ၏သွေးဆောင်မှု၏သားကောင်ဖြစ်ခဲ့ရပြီး သူနှင့်အာဒံသည် တားမြစ်ထားသောအသီးကိုစားခြင်းဖြင့် ဘုရား၏ကျိန်ခြင်းအောက်သို့ ကျရောက်ခဲ့ရသည်။

## ဥယျာဉ်အပြင်၌

ဤကျမ်းပိုဒ်လွှမ်းခြုံထားသောဖွဲ့စည်းပုံရှိ စတုတ္ထအကြောင်းအရာသည် ၃:၂၂-၂၄ ဖြစ်ပြီး၊ လူသားမျိုးနွယ်၏ "ဥယျာဉ်အပြင်၌" ဟူသော ခေါင်းစဉ်တပ်ထားသည်။ ဤကဏ္ဍကို အခြားသိသာထင်ရှားသောအပြောင်းအလဲများဖြင့် ခေါင်းစဉ်တွင်အမှတ်အသားပြုထားသည်။ အသက်ပင်နှင့်ပတ်သက်၍ ဘုရားသခင်၏မိန့်တော်မူချက်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ၃:၂၂ တွင် ဤစကားလုံးများကို ကျွန်ုပ်တို့တွေ့ရသည်–

> လူသည်…ကောင်းမကောင်း သိတတ်၏။ ယခုမှာ သူသည် ထာဝရအသက်ကို
> ရခြင်းငှါ၊ လက်ကိုဆန့်လျက် အသက်ပင်၏အသီးကို ယူ၍ မစားသင့်ဟု
> မိန့်တော်မူ၏ (ကမ္ဘာဦး ၃း၂၂)

ဤသစ်ပင်မှအသီးကို အာဒံစားမည့်အခြေအနေကို ဖြေရှင်းရန်၊ ဘုရားသခင်သည် အာဒံအား ဥယျာဉ်မှနှင်ထုတ်ပြီး ဧဒင်တံခါးဝကိုစောင့်ရန် မီးစက်လက်နက်နှင့်တကွ ခေရုဗိမ်တို့ကို ထားရှိခဲ့သည်။ ထိုအချိန်မှစ၍၊ လူသားများသည် ဘုရားသခင် တိုက်ရိုက်ဝင်ရောက်ပတ်သက်ခြင်းမှလွဲ၍ ဧဒင်ဥယျာဉ်သို့ ဝင်ရောက်နိုင်တော့မည်မဟုတ်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ညီညွတ်မှု

ဤကျမ်းပိုဒ်၏ အဓိကပိုင်းခြားမှုလေးခုကို စိတ်စွဲမှတ်ထားခြင်းဖြင့်၊ ဤကျမ်းပိုဒ်တွင်ဖော်ပြသည့် သိသာထင်ရှားသောညီညွတ်မှုကို တွေ့မြင်နိုင်ရန် ယခုကမ္ဘာဦးကျမ်း ၂-၃ ကို ကျွန်ုပ်တို့ ပိုမိုနီးကပ်စွာလေ့လာမည်ဖြစ်သည်။ မောရှေသည် ဤကဏ္ဍများတွင် မတူညီသောအချက်များကို ယှဉ်တွဲဖော်ပြခြင်းဖြင့်၊ သူ၏ဇာတ်ကြောင်း၏ အဓိကအကြောင်းအရာကို ဖော်ပြခဲ့သည်။ ဤဇာတ်ကြောင်း၏ညီညွတ်မှုကိုဖော်ပြရန်၊ ကျွန်ုပ်တို့၏ဇာတ်ကြောင်း၏အစနှင့်အဆုံးကြားရှိ ချိန်ခွင်လျှာကို ဦးစွာကြည့်ရှုမည်ဖြစ်ပြီး၊ ထို့နောက် ဇာတ်လမ်း၏အလယ်အပိုင်းနှစ်ပိုင်း၏ ညီညွတ်မှုကို လေ့လာပါမည်။ ဤကျမ်းပိုဒ်၏အစပြုခြင်းနှင့်အဆုံးသတ်ခြင်းကို ဦးစွာကြည့်ကြပါစို့။

## အစပြုခြင်းနှင့်အဆုံးသတ်ခြင်း

ကျွန်ုပ်တို့မြင်ရသကဲ့သို့ ကမ္ဘာဦး ၂:၄-၁၇ နှင့် ၃:၂၂-၂၄ သည် အနည်းဆုံးအရေးကြီးသော နည်းလမ်းသုံးမျိုးဖြင့် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်၌ပြတ်သားစွာ ရပ်တည်နေပါသည်။

ပထမ ခြားနားချက်သည် တည်နေရာဖြစ်သည်။ ဘုရားသခင်သည် အာဒံအား ပရဒိသုဘုံ ဥယျာဉ်တွင် နေရာချပေးခြင်းဖြင့် မှတ်တမ်းကို ၂:၇ တွင်စတင်သည်။ အာဒံသည် ဘုရားသခင်၏ ကောင်းချီးများပြည့်သည့်နေရာတွင် နေထိုင်ပြီး အလုပ်လုပ်ခဲ့သည်။ အံ့ဖွယ်အသီးအရွက်များ၊ အသက်ပေးသောရေ၊ အဖိုးတန်ကျောက်မျက်ရတနာများသည် သူ၏ဘေးပတ်လည်တွင် ဝိုင်းရံထားသည်။ ဆန့်ကျင်ဘက်အားဖြင့်၊ ၃:၂၄ တွင် ဘုရားသခင်သည် အာဒံနှင့်ဧဝတို့ကို ဥယျာဉ်မှ နှင်ထုတ်ခြင်းဖြင့် ဇာတ်ကြောင်းသည် အဆုံးသတ်သည်။ ဤပထဝီဝင်ခြားနားချက်သည် လူသားများ အတွက် ကမ္ဘာပေါ်ရှိအလိုချင်ဆုံးနေရာသည် ဧဒင်ဥယျာဉ်ဖြစ်ကြောင်း ရှင်းလင်းစွာမြင်စေသည်။

အပိုင်းတစ်ခုစီရှိအာရုံစူးစိုက်မှု၏ ဒုတိယကွာခြားချက်သည် ဥယျာဉ်၏အထူးသစ်ပင်များပေါ်တွင် ဖြစ်သည်။ ၂:၄-၁၇ တွင် သစ်ပင်နှစ်ပင်ဖြစ်သည့် အသက်ပင်နှင့် ကောင်းမကောင်းကိုသိကျွမ်းရာအပင်ကို ဖော်ပြထားသော်လည်း၊ ၂:၁၇ သို့ရောက်သောအခါတွင် အာရုံစိုက်မှုသည် အသိပညာဆိုင်ရာသစ်ပင် ဖြစ်သည့် သစ်ပင်တစ်ပင်ဆီသို့ ရောက်သွားသည်။ ဤသစ်ပင်သည် လူသားများအား ကောင်းမြတ်ခြင်း နှင့် အပြစ်တရားတို့ကို တွေ့ကြုံခံစားနိုင်သော အသိပညာကို ပေးစွမ်းနိုင်သော အစွမ်းသတ္တိရှိသည်။ ၎င်းသည် ယခင်မမြင်ဖူးသည့်အရာများကို မြင်နိုင်ရန် သူတို့၏မျက်စိဖွင့်ပေးသည်။

ဆန့်ကျင်ဘက်အားဖြင့်၊ ၃:၂၂-၂၄ ရှိဇာတ်ကြောင်း၏အဆုံးတွင်၊ ဘုရားသခင်သည် ကောင်း မကောင်းကိုသိကျွမ်းရာအပင်အား စိတ်ဝင်စားခြင်းမရှိတော့ဘဲ အသက်ပင်အတွက် သီးသန့်စိုးရိမ်ခဲ့ သည်။ ဤသစ်ပင်သည် လူသားတို့အား ထာဝရအသက်ကို ပေးစွမ်းနိုင်သော တန်ခိုးရှိသည်။ သို့သော် ဘုရားသခင်သည်အာဒံကို နှင်ထုတ်ပြီး ဤသစ်ပင်ရှိရာသို့ဝင်ရောက်ခွင့် ငြင်းပယ်ခဲ့သည်။ ဤခြားနား ချက်သည် လူသားမျိုးနွယ်သည် တစ်ချိန်က ဥယျာဉ်သို့ လွတ်လပ်စွာသွားလာခွင့်ရခဲ့ပြီး၊ ထိုအရပ်၌ရှိ သော ကောင်းချီးများအားလုံးကို ဘုရားသခင်မိန့်တော်မမူမီတိုင်အောင် ဆုံးရှုံးသွားကြောင်း ရှင်းလင်းစွာ ဖော်ပြသည်။

ကျွန်ုပ်တို့၏ဇာတ်ကြောင်း၏အစနှင့်အဆုံးကြား တတိယကွာခြားချက်သည် လူသားမျိုးနွယ်၏ တာဝန်ဆိုင်ရာ ဖြစ်သည်။ ဘုရားသခင်သည် အာဒံအား ခက်ခဲနာကျင်ခြင်းမရှိဘဲ ဥယျာဉ်၌ ကောင်းချီးပေးသည့်အလုပ်ကို လုပ်ဆောင်ရန် တာဝန်ခန့်အပ်ထားကြောင်း ၂:၁၅ ပထမအဆင့်တွင် ဖော်ပြသည်။ ၃:၂၃ တွင်မူ၊ ဘုရားသခင်သည် အာဒံနှင့်ဧဝတို့ကို ဥယျာဉ်မှနှင်ထုတ်ပြီး ဥယျာဉ်အပြင်ဘက်တွင် ခက်ခဲပင်ပန်းစွာလုပ်ကိုင်စေခြင်းဖြင့် အပြစ်စီရင်ခြင်းခံရသည်။ ဤဆန့်ကျင်ဘက်သည် ဇာတ်လမ်းအတွက် မရှိမဖြစ်လိုအပ်သော ရှုထောင့်ကိုလည်း ပံ့ပိုးပေးပါသည်။ လူသားတို့အနေဖြင့် ဧဒင်တွင်အံ့သြဖွယ် ဘဝများကို ဆုံးရှုံးခဲ့ရရုံသာမက၊ ဥယျာဉ်နှင့်ဝေးကွာနေသရွေ့ အခက်အခဲများနှင့်လည်း အပြစ်စီရင်ခြင်း ခံရသည်။

ကမ္ဘာဦးကျမ်း ၂–၃ ၏ အဖွင့်နှင့်အပိတ်အပိုင်းများကြားရှိ ဤကွာခြားချက်သုံးခုသည် ဤဇာတ်ကြောင်း၏အရေးပါဆုံးကဏ္ဍအချို့ကို အာရုံစိုက်စေသည်။ မောရှေသည် ကနဦးကာလတွင် ဖြစ်ပွားခဲ့သော လူသားတို့၏ကြီးမားသောပြောင်းလဲမှုအခြေနေအကြောင်း ရေးသားခဲ့သည်။ ဘုရားသခင်သည် မူလက လူသားများအား သူ၏ဥယျာဉ်တွင် နေထိုင်ရန် မိန့်ဆိုခဲ့သော်လည်း၊ အာဒံနှင့်ဧဝ၏ အပြစ်သည် ၎င်းတို့အား အခက်အခဲနှင့် ဒုက္ခများဆီသို့ ချည်နှောင်ကာ ထာဝရအသက်ကိုပေးသော သစ်ပင်နှင့် ခွဲထုတ်ခဲ့သည်။ ယခု ကျွန်ုပ်တို့မြင်ရသကဲ့သို့ ဤဆန့်ကျင်ကွဲလွဲမှုများသည် မောရှေသည်သူတို့အား ကတိတော်ပြည်သို့ပို့ဆောင်စဉ် ဣသရေလလူတို့ကိုယ်တိုင် တွေ့ရှိခဲ့သည့်အခြေအနေနှင့်ပတ်သက်၍ တိုက်ရိုက်ဖော်ပြသည်။ အီဂျစ်တွင်ရက်စက်ကြမ်းကြုတ်မှုအောက် ကျွန်ပြုခံရခြင်းအားဖြင့် ဣသရေလလူမျိုးများသည် ဧဒင်အရပ်မှ ဝေးကွာခဲ့ကြရသည်။ ဧဒင်အရပ်တွင်ဘုရားသခင်ပေးခဲ့သည့် ကောင်းချီးများကို သူတို့ပြန်ရဖို့ရန် လိုအပ်သည်။

## အလယ်အပိုင်းများ

ဇာတ်လမ်း၏အပြင်ဘက်အပိုင်းများ၏ ခြားနားသောညီညွတ်မှုကို စိတ်ထဲ၌မှတ်သားထားလျှက်၊ ကျွန်ုပ်တို့သည် ဇာတ်လမ်း၏အလယ်အပိုင်းများဖြစ်သော ၂:၁၈-၂၅ နှင့် ၃:၁-၂၁ ကို အာရုံစိုက်သင့်သည်။ ဤအတွင်းပိုင်းအဆင့်နှစ်ဆင့်သည် အစနှင့်အဆုံးကြားကွာဟချက်ကိုဖြည့်ပေးပြီး ၎င်းတို့သည် အနည်းဆုံးနည်းလမ်းသုံးမျိုးဖြင့် ၎င်းတို့၏ကိုယ်ပိုင်ဆန့်ကျင်ဘက်ပေါင်းစပ်မှုအစုကို ဖန်တီးကြသည်။ ဆန့်ကျင်ဘက်တစ်ခုသည် ဘုရားသခင်နှင့် လူသားမျိုးနွယ်၏ဆက်ဆံရေးကို အာရုံစိုက်သည်။ ဒုတိယအဆင့်တွင် အာဒံနှင့် ဘုရားသခင်ကြား ညီညွတ်သောဆက်ဆံရေးကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ဘုရားသခင်သည် အာဒံအတွက် စိုးရိမ်မှုရှိကြောင်းဖော်ပြခဲ့ပြီး ပြီးပြည့်စုံသော လက်တွဲဖော်တစ်ဦးဧဝကို ၂:၁၈ တွင် အာဒံအတွက် ဆောင်ယူပေးခဲ့သည်။ ဤနေရာရှိအခြေအနေသည် ဘုရားသခင်နှင့် လူသားမျိုးနွယ်၏ ရင်းနှီးမှုနှင့် ငြိမ်းချမ်းခြင်းဖြစ်သည်။ သို့တိုင်၊ ဇာတ်ကြောင်း၏တတိယအပိုင်းတွင်၊ သဘောထားကွဲလွဲမှုသည် ဘုရားသခင်နှင့် လူသားမျိုးနွယ်ကြား ကနဦးညီညွတ်မှုကို အစားထိုးသည်။ အာဒံနှင့်ဧဝသည် ဘုရားသခင်၏အမိန့်တော်ကို မနာခံဘဲ၊ ၃:၈ တွင် သူတို့သည် ဘုရားသခင်၏ချဉ်းကပ်မှုကို ပုန်းရှောင်ခဲ့ကြပြီး၊ ဘုရားသခင်သည် အာဒံနှင့်ဧဝအား ဒေါသတကြီးပြောဆိုခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လူသား၏ဆက်ဆံရေးတွင် ဒုတိယခြားနားချက်တစ်ခုရှိသည်။ ၂:၁၈-၂၅ ၏ဒုတိယအဆင့်တွင်၊ အာဒံနှင့်ဧဝတို့သည် ပြီးပြည့်စုံသောပျော်ရွှင်မှု၌ရှိခဲ့ကြသည်။ ၂:၂၃ တွင် အာဒံသည် ဧဝအား "ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲကအသား" ဟုဆိုကာ သမ္မာကျမ်းစာတွင် ပထမဆုံးချစ်ခြင်းကဗျာတစ်ပုဒ်ကို ထုတ်နှုတ်ဖော်ပြခဲ့ပြီး၊ ၎င်းတို့သည် အဝတ်အချည်းစည်းနှင့် အရှက်ကင်းစွာ အတူတကွနေထိုင်ခဲ့ကြသည်။ သို့သော် ဆန့်ကျင်ဘက်အားဖြင့်၊ ၃:၁၆ တွင် ဘုရားသခင်သည် ဤဆက်ဆံရေးအတွက် ယောကျ်ားနှင့်မိန်းမကြား ပဋိပက္ခများ ဆက်လက်ရှိနေဦးမည်ဟု ကျိန်ခြင်းတစ်ခုကိုကြေငြာခဲ့သည်။ မိန်းမသည် မိမိခင်ပွန်းကိုဝန်ခံ၍၊ သူသည်သူမကိုအုပ်စိုးလိမ့်မည်။ ဤစကားများသည် အာဒံနှင့်ဧဝ၏ အပြစ်သည် ဘုရားသခင်နှင့် သူတို့၏ဆက်ဆံရေးကိုသာမက အချင်းချင်းကိုပါ အနှောင့်အယှက်ဖြစ်စေကြောင်း ဖော်ပြသည်။ ထိုအချိန်မှစ၍ လူသားတို့၏ဆက်ဆံရေးသည် ခက်ခဲမှုနှင့် ရုန်းကန်မှုသွင်ပြင်လက္ခဏာ ထင်ရှားလာခဲ့သည်။

တတိယမြောက်ခြားနားသောတစ်ခုသည် လူသားမျိုးနွယ်၏ ဆက်ဆံရေးတွင် မကောင်းမှုပေါ်လာသည်။ ဒုတိယအဆင့်တွင်၊ မကောင်းမှုသည် ဇာတ်ကြောင်းထဲမှ ပျောက်ကွယ်သွားသည်။ အာဒံနှင့်ဧဝတို့သည် လုံးဝအပြစ်ကင်းပြီး မကောင်းမှု၏တန်ခိုးနှင့် ကင်းကွာခဲ့ကြသည်။ သို့သော် တတိယအပိုင်းတွင်၊ လူသားမျိုးနွယ်သည် မြွေ၏သားကောင်ဖြစ်ခဲ့ရပြီး မကောင်းမှုနှင့် ရေရှည်ရုန်းကန်မှုတွင် ပိတ်လှောင်ခံခဲ့ရသည်။ ၃:၁၅ တွင် ဧဝ၏အမျိုးအနွယ်သည် တစ်နေ့တွင် မြွေကို အောင်နိုင်မည်ဟု ဘုရားသခင်ကတိပြုခဲ့သော်လည်း အာဒံနှင့်ဧဝအား ချက်ခြင်းအောင်နိုင်ခွင့်မပေးခဲ့ပါ။

ဇာတ်ကြောင်း၏ဒုတိယနှင့်တတိယအပိုင်းများကြား ဤကွဲလွဲမှုများသည် မောရှေအနေဖြင့် ဤဇာတ်ကြောင်းကိုရေးသားရာတွင် အကြောင်းအရာများစွာကိုမြင်တွေ့စေပါသည်။ မောရှေသည် အာဒံနှင့်ဧဝအကြောင်း ဣသရေလ၏အတွေ့အကြုံနှင့် ဆက်စပ်သည့်နည်းလမ်းများဖြင့် ရေးသားခဲ့သည်။ အပြစ်သည် ဣသရေလ၏အသက်တာကို ဆက်လက်ပျက်စီးစေခဲ့သည်။ ၎င်းသည် ဘုရားသခင်နှင့် လူတို့၏ဆက်ဆံရေးကို ပျက်စီးစေပြီး၊ ထိုထက်ပို၍၊ အာဒံနှင့်ဧဝကဲ့သို့ မောရှေနှင့်ဣသရေလတို့သည် နေ့ရက်တိုင်းပင်ပန်းဆင်းရဲမှုကိုကြုံကြိုခံကာ၊ ဘုရားသခင်သည် သူ၏လူတို့အား မကောင်းမှုအပေါ် အောင်ပွဲခံမည့်အချိန်ကို စောင့်မျှော်နေစေသည်။

ဤအကြောင်းအရာ၏ စာပေဖွဲ့စည်းပုံကို စိတ်ထဲတွင်မှတ်သား ထားခြင်းဖြင့်၊ ဤကျမ်းပိုဒ်၏ မူလအဓိပ္ပါယ်ကို ကျွန်ုပ်တို့သိရှိနိုင်မည်ဖြစ်သည်။ မောရှေသည် ဘုရားသခင်၏ဥယျာဉ်မှ လူသားများကို နှင်ထုတ်ခြင်းမှတ်တမ်းကို အဘယ်ကြောင့် ရေးခဲ့သနည်း။ ကတိတော်ပြည်သို့ပို့ဆောင်စဉ် ဣသရေလလူမျိုးအား မည်သည့်သတင်းစကား မိန့်ကြားသနည်း။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# မူလအစီပွါယ်

ယခု သေချာစေရန်၊ အခြေခံအဆင့်တွင်၊ မောရှေသည် သူဦးဆောင်သော ဣသရေလလူမျိုးအား ယေဘုယျဓမ္မပညာဆိုင်ရာအကြောင်းအရာအချို့ကို သင်ပေးရန်အတွက် ဤဇာတ်ကြောင်းကို ရေးသားခဲ့သည်။ လောက၌ အပြစ်၏မူလအစ၊ သဘာဝနှင့် ရလဒ်များအကြောင်း သူတို့ကိုများစွာပြောခဲ့သည်။ ထို့ပြင် ဤအရာတို့သည်အလွန်အရေးကြီးသော အကြောင်းအရာများဖြစ်သည်။ သို့တိုင်၊ ယခင်သင်ခန်းစာတွင် ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း၊ မောရှေသည် ထိုကဲ့သို့သော ယေဘုယျသမိုင်းဆိုင်ရာနှင့် ဓမ္မပညာဆိုင်ရာပြဿနာများအကြောင်း ဣသရေလကို အသိပေးရန်အတွက် သူ၏ကနဦးသမိုင်းကို ရေးခဲ့ခြင်းမဟုတ်ပါ။ ၎င်းအစား၊ အခြားရှေးဟောင်းစာရေးဆရာများကဲ့သို့ပင်၊ မောရှေသည် သူ၏လူမျိုးကို လက်ရှိဘာသာရေးနှင့် လူမှုရေးဆိုင်ရာ အစီအစဉ်များအကြောင်း လက်တွေ့ကျသော သွန်သင်ချက်ပေးရန် သူ၏ခေတ်ဦးသမိုင်းကို ရေးသားခဲ့သည်၊ အဓိကအားဖြင့်၊ ဤကိစ္စတွင် အီဂျစ်ပြည်မှထွက်ခွာပြီး ခါနန်ပြည်သို့သွားခဲ့သည်။

မောရှေသည် ကနဦးဒေင်ဥယျာဉ်နှင့် ဣသရေလတို့၏ ခါနာန်ပြည်အားသိမ်းပိုက်ပုံကို မည်သို့ချိတ်ဆက်ထားသည်ကိုဆက်စပ်ကြည့်ရှုရန်၊ သူ၏ဇာတ်လမ်း၏ အစိတ်အပိုင်းသုံးခုကို ကျွန်ုပ်တို့ကြည့်ရှုပါမည်။ ပထမ၊ မောရှေ၏ဒေင်ဥယျာဉ်ပုံတူ၊ ဒုတိယ၊ အာဒံနှင့်ဧဝအား သစ္စာစောင့်သိမှုတောင်းဆိုချက်ကို သူအာရုံစိုက်သည်။ တတိယ၊ အာဒံနှင့်ဧဝအပေါ်ထားရှိသည့် ကျိန်ခြင်းများကို ပုံဖော်ထားသည်။ ဒေင်ဥယျာဉ်အကြောင်း မောရှေ၏ဖော်ပြချက်ကို ဦးစွာကြည့်ကြပါစို့။

# ဥယျာဉ်

ဥယျာဉ်နှင့်ပတ်သက်သော မောရှေ၏ဖော်ပြချက်သည် အလွန်ရှုပ်ထွေးသောကြောင့် ဒေင်နှင့်ပတ်သက်သော ကျွန်ုပ်တို့၏ခေတ်သစ်မေးခွန်းများစွာကို အမြဲတမ်း အဖြေမပေးနိုင်ပါ။ သို့တိုင်၊ မောရှေ၏တင်ပြချက်၏အဓိကအကြောင်းအရာများကို ကျွန်ုပ်တို့နားလည်သဘောပေါက်ရန် ဖြစ်နိုင်သည်။ ကျွန်ုပ်တို့မြင်ရသကဲ့သို့၊ မောရှေသည် ဒေင်ဥယျာဉ်ကို ကတိတော်ပြည်နှင့် ဒေင်ကိုခွဲခြားသတ်မှတ်သည့် နည်းလမ်းများဖြင့် ဖော်ပြခဲ့သည်။ မောရှေ၏ရှုထောင့်မှကြည့်လျှင်၊ သူ၏ခေတ်၌ ဣသရေလလူမျိုးကို ဦးစီးဦးဆောင်ပြခဲ့သောပြည်သည် အမှန်စင်စစ် ဒေင်ဟုခေါ်သော ကနဦးပြည်၏မြေနေရာဖြစ်သည်။

ကမ္ဘာဦးကျမ်း ၂-၃ ၏ကဏ္ဍများစွာတွင် မောရှေသည် ဣသရေလလူမျိုးအား ခါနာန်ပြည်ကိုဒေင်ပြည်နှင့်ချိတ်ဆက်စေလိုကြောင်း ရှင်းလင်းစွာဖော်ပြသော်လည်း သူ၏မှတ်တမ်း၏အင်္ဂါရပ်နှစ်ခုသည် အထူးအရေးကြီးသည်_ ပထမ ဒေင်၏အထောက်အထား၊ ဒုတိယ ဒေင်၏သန့်ရှင်းခြင်းဖြစ်သည်။ ဒေင်၏အထောက်အထားကို ဦးစွာကြည့်ကြပါစို့။

## အထောက်အထား

ကမ္ဘာဦး ၂း၁၀-၁၄ တွင် ဤစကားလုံးများကို ကျွန်ုပ်တို့ ဖတ်ရသည်_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထိုဥယျာဉ်ကို စိုစေလိုသောငှာ မြစ်တမြစ်သည် ဒေင်အရပ်ထဲကစီးထွက်သဖြင့်၊ ဥယျာဉ်ပြင်မှာ လေးဖြာကွဲ၍ မြစ်မလေးသွယ်ဖြစ်လေ၏။ ပဌမမြစ်ကား ဖိရှုန်အမည်ရှိ၏။ ထိုမြစ်သည် ရွှေရှိသော ဟာဝိလပြည်နား တရှောက်လုံးကို စီးသွား လေ၏။ ထိုပြည်မှဖြစ်သောရွှေသည် ကောင်းလှ၏။... ဒုတိယမြစ်ကား ဂိဟုန်အမည်ရှိ၏။ ထိုမြင်သည် ကုရှပြည် နား တရှောက်လုံးကို စီးသွားလေ၏။ တတိယမြစ်ကား ဟိဒကေလအမည်ရှိ၏။ ထိုမြစ်သည် အာရှုရိတိုင်း အရှေ့သို့ စီးသွားလေ၏။ စတုတ္ထမြစ်ကား ဥဖရတ်အမည်ရှိ၏ (ကမ္ဘာဦး ၂:၁၀-၁၄)။

မြစ်တမြစ်သည် ဒေင်အရပ်မှစီးထွက်ပြီး မြစ်မလေးသွယ်အဖြစ်ဖြာဆင်းကြောင်း မောရှေရေးခဲ့သည်။ ဤမြစ်များသည် ဖိရှုန်၊ ဂိဟုန်၊ ဟိဒကေလ နှင့် ဥဖရတ် မြစ်များဖြစ်သည်။ ဒေင်ရှိ အဓိကမြစ်တစ်စင်းသည် ဤမြစ်လေးစင်းထဲသို့ စီးဆင်းသွားသည်။ ၎င်းသည် ထိုမြစ်တို့၏အဓိကအရင်းအမြစ်ဖြစ်သည်။

ယခု ဤနေရာတွင် မောရှေ၏ဖော်ပြချက်ကိုလေ့လာသောအခါ၊ ကမ္ဘာဦးအစကတည်းကပင် ကျွန်ုပ်တို့၏ကမ္ဘာဂြိုဟ်သမိုင်းတစ်လျှောက်တွင် ပထဝီဝင်ဆိုင်ရာပြောင်းလဲမှုများစွာ ဖြစ်ပေါ် ခဲ့ကြောင်း အမြဲသတိရရန်လိုသည်။ မောရှေလက်ထက်၌ပင် ဤမြစ်လေးစင်းထဲသို့စီးဆင်းသော မြစ်တစ်စင်းမျှ မရှိတော့ပါ။ ဤဗဟိုရေအရင်းအမြစ်သည် နောက်ဆုံးသောကာလတွင်သာ ပေါ်လာမည်ဖြစ်ကြောင်း သမ္မာကျမ်းစာတွင်သွန်သင်သည်။ သို့တိုင်၊ ဤဗဟိုအရင်းအမြစ်မှ စီးဆင်းခဲ့သော မြစ်လေးစင်း အကြောင်း မောရှေ၏ရည်ညွှန်းချက်သည် ဒေင်တည်ရှိရာအရပ်ဟု ယုံကြည်ရသည့် အနီးစပ်ဆုံး ဖော်ပြချက်တစ်ခုကို ကျွန်ုပ်တို့အား ပေးသည်။

၂:၁၄ တွင်ဖော်ပြထားသော တိုက်ဂရစ်နှင့် ဥဖရတ်မြစ်များကို မျက်မှောက်ခေတ် တိုက်ဂရစ်နှင့် ယူဖရေးတီးမြစ်များရှိရာဒေသနှင့် ခွဲခြားသတ်မှတ်နိုင်ပါသည်။ ကမ္ဘာဦးကျမ်း၌ဤမြစ်များကို ရည်ညွှန်းသည့်အချက်သည် ဒေင်သည် မက်ဆိုပိုတေးမီးယားဒေသတွင်တည်ရှိကြောင်း၊ ကမ္ဘာဦးကျမ်းသည် ဗာဗုလုန်ဒဏ္ဍာရီနှင့် သဘောတူကြောင်း ခေတ်သစ်အနက်ပြန်သူအများစု အကြံပြုကြသည်။ ဗာဗုလုန် ဘာသာစကားတွင်၊ *edin* သည် "လွင်ပြင်တစ်ခု" သို့မဟုတ် "ဟင်းလင်းပြင်" ဟု အဓိပ္ပာယ်ရပြီး တိုက်ဂရစ်- ဥဖရတ်အောက်ပိုင်းဒေသအတွက် သင့်လျော်သော အသုံးအနှုန်းဖြစ်သည်။ သို့သော် ဟေဗြဲ ဘာသာတွင်၊ *eden* သည် “လွင်ပြင်” ဟု မဆိုလိုပါ။ ၎င်းသည် "သာယာသော သို့မဟုတ် ကြည်နူးဖွယ် ကောင်းသော နေရာ" ကိုဆိုလိုသည်။ ထို့ကြောင့် မောရှေသည် ဗာဗုလုန်စကားလုံးကို လုံးဝမသုံးခဲ့ပါ။ သူသည် ဒေင်အတွက် ဗာဗုလုန်စကားလုံးနှင့်တူသော ဟေဗြဲစကားလုံးကို အသုံးပြုခဲ့သော်လည်း ဤနေရာနှင့်ပတ်သက်သည့် သူ၏အယူအဆမှာ တူညီခြင်းမရှိပါ။ အမှန်တကယ်တွင်၊ ဒေင်သည် မက်ဆိုပိုတေးမီးယားဒေသအတွက်သာ ကန့်သတ်မှုမရှိကြောင်း ကမ္ဘာဦးကျမ်းမှတ်တမ်းတွင် အတိအလင်းဖော်ပြထားသည်။ ကမ္ဘာဦး ၂:၁၀ တွင် ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း တိုက်ဂရစ်နှင့် ဥဖရတ်တို့သည် ဒေင်တွင်ရှိသော ကြီးသောမြစ်ကြီးတစ်ခုမှ စီးဆင်းလာသည်။ အပိုဒ်ငယ် ၁၀ တွင် ကျွန်ုပ်တို့ဖတ်ရသည်_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထိုဥယျာဉ်ကို စိုစေလိုသောငှာ မြစ်တမြစ်သည် ဧဒင်အရပ်ထဲကစီးထွက်သဖြင့်၊ ဥယျာဉ်ပြင်မှာ လေးဖြာကွဲ၍ မြစ်မလေးသွယ်ဖြစ်လေ၏ (ကမ္ဘာ ၂း၁၀)။

ဤကျမ်းပိုဒ်သည် ဧဒင်သည်တိုက်ဂရစ်- ဥဖရတ်ဒေသ၌သာ ကန့်သတ်မထားကြောင်း၊ ဧဒင်မြစ်သည် တိုက်ဂရစ်နှင့် ဥဖရတ်မြစ်တို့ကို စီးဆင်းကြောင်း သွန်သင်သည်။ မောရှေသည် တိုက်ဂရစ်နှင့် ဥဖရတ်တို့ကို ဧဒင်၏ အရှေ့ဘက်ဆုံးနေရာကို ယေဘုယျဦးတည်ညွှန်ပြရန်အတွက် အသုံးပြုခဲ့သည်။ အရှေ့ဘက်ရှိ မြစ်ကြီးများသည် ဧဒင်၏အရှေ့ဘက်နယ်နိမိတ်ကို အမှတ်အသားပြုသည်။

ကမ္ဘာဦးကျမ်း ၂ တွင်ဖော်ပြထားသော အခြားမြစ်များ၏တည်နေရာအားဖြင့် ဤအမြင်ကို အတည်ပြုသည်။ ၂း၁၁၊ ၁၃ တွင် မောရှေသည် အခြားသောမြစ်တစ်စုံကို ဖော်ပြခဲ့သည်။ ဧဒင်မြစ်သည် ဟာဝိလကိုဖြတ်၍ ဖိရှုန်မြစ်ထဲသို့ စီးဆင်းပြီး၊ ကုရှပြည်တစ်ခုလုံးကို ဖြတ်သွားသော ဂိဟုန်မြစ်သို့လည်း စီးဆင်းသည်ဟု ရေးသားခဲ့သည်။ ဓမ္မဟောင်းကျမ်းတွင်၊ ဟာဝိလနှင့်ကုရှပြည်သည် အီဂျစ်ပြည်နှင့် မကြာခဏဆက်စပ်နေသည်။ မောရှေသည် ဤမြစ်ကြီးများကို နိုင်းမြစ်ကြီးနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ နားလည်သည်ကို အတိအကျမသိနိုင်သော်လည်း၊ အီဂျစ်မြောက်ပိုင်းဒေသကို ဧဒင်၏အနောက်ဘက် နယ်နိမိတ်အဖြစ် ညွှန်ပြသည်ဟုဆိုနိုင်သည်။

ထို့ကြောင့် မောရှေ၏အမြင်တွင် ဧဒင်သည် သေးငယ်သောနေရာမဟုတ်ကြောင်း ကျွန်ုပ်တို့မြင်နိုင်သည်။ ၎င်းသည် တိုက်ဂရစ်- ဥဖရတ်မှ အီဂျစ်နယ်စပ်အထိ ကျယ်ပြန့်သော ဧရိယာကြီးဖြစ်သည်— ယခု ကျွန်ုပ်တို့ မြေသြဇာကောင်းသောလခြမ်းဒေသဟုခေါ်ဝေါ်သော ဒေသအားလုံးနီးပါးဖြစ်သည်။ ဤသာယာသောနေရာသည် အထူးဥယျာဉ်တစ်ခုဖြစ်သောဧဒင်ဥယျာဉ်၊ ဧဒင်နယ်မြေကြီး၏ဗဟိုချက်ဖြစ်သည်။

အစပိုင်းတွင်၊ ဧဒင်ကိုမြေသြဇာကောင်းသောလခြမ်းဒေသဖြင့် မောရှေ၏ဖော်ထုတ်ခြင်းသည် အလွန်အရေးကြီးပုံမပေါ်ပါ။ သို့သော် အမှန်တကယ်တွင်၊ မောရှေသည်ကမ္ဘာဦးကျမ်းကို ရေးသားခဲ့သည့် အတိုင်း ဣသရေလလူမျိုးအတွက် ဧဒင်၏အဓိပ္ပာယ်ကို နားလည်ရန် အရေးကြီးသည်။ ကမ္ဘာဦးကျမ်း၏ အခြားနေရာများတွင်၊ မောရှေသည် ဣသရေလလူမျိုးအား ကမ္ဘာဦးကျမ်း ၂ ကိုပြန်ရည်ညွှန်းပြီး မြေသြဇာကောင်းသောလခြမ်းဒေသဖြစ်သော ဧဒင်ပြည်သည် ဣသရေလတို့အား ဘုရားသခင်ကတိပေးသော ပြည်ဖြစ်ကြောင်း၊ သူတို့အားကိုယ်တော်ခေါ်ဆောင်ခဲ့သောပြည်ဖြစ်ကြောင်း သွန်သင်ပေးခဲ့သည်။ ကမ္ဘာဦး ၁၅း၁၈ တွင် ဘုရားသခင်သည်အာဗြဟံအား မိန့်တော်မူသောအခါ ဤရှုထောင့်သည် အထူးသဖြင့် ထင်ရှားလာသည်။ ဤကျမ်းပိုဒ်တွင် ဘုရားသခင်သည် ကတိတော်ပြည်၏ နယ်နိမိတ်များကို ဖော်ပြပုံကို နားထောင်ပါ_

> ထိုနေ့၌ ထာဝရဘုရားသည် အာဗြံနှင့် ပဋိညာဉ်ပြုတော်မူလျက်၊ အဲဂုတ္တုမြစ်မှစ၍ မြစ်ကြီးတည်းဟူသော၊ ဥဖရတ်မြစ်တိုင်အောင်၊ ဤပြည်ကိုငင်း၊ (ကမ္ဘာ ၁၅း၁၈)။

ဘုရားသခင်သည် အာဗြဟံအား သူ၏မြေသည် တိုက်ဂရစ်- ဥဖရတ်ဒေသအထိချဲ့ထွင်ကာ "အဲဂုတ္တုမြစ်" တိုင်အောင် ရောက်ရှိမည်ဖြစ်ကြောင်းမိန့်တော်မူချက်ကို ဤနေရာတွင်ကျွန်ုပ်တို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မြင်ရသည်။ "အဲဂုတ္တုမြစ်" သည် နိုင်းမြစ်ကို ရည်ညွှန်းခြင်းမဟုတ်၊ အီဂျစ်နိုင်ငံသိနတောင်နယ်နိမိတ်ရှိ မြစ်ငယ်တစ်ခုကို ရည်ညွှန်းခြင်းဖြစ်သည်ဟု အနက်ပြန်သူများစွာ အကြံပြုကြသည်။ အဖြစ်အပျက် အားလုံးတွင်၊ ဤကျမ်းပိုဒ်သည် ကမ္ဘာဦးကျမ်း ၂ တွင်တွေ့ရသည့်အတိုင်း ဧဒင်၏ပထဝီဝင်နယ်နိမိတ်များ ကို ရည်ညွှန်းကြောင်း ထင်ရှားသည်။ ကမ္ဘာဦးကျမ်း ၂ ကို ရည်ညွှန်းသောဤအချက်သည် တစ်ချိန်က အာဗြဟံနှင့် သူ၏သားမြေးများကို ဘုရားသခင်ကတိပြုထားသောပြည်သည် လူအများသိသောဧဒင် ပြည်ဖြစ်သည်ဟု မောရှေယုံကြည်ကြောင်း ထင်ရှားသည်။ မောရှေ၏အမြင်သည်၊ ဣသရေလလူမျိုး များသည် ခါနန်ပြည်သို့ ပြောင်းရွှေ့လာစဉ်၊ ဧဒင်ပြည်တည်ရှိရာ ရှေးဦးအရပ်ဆီသို့ အမှန်တကယ် ပြောင်းရွှေ့ခဲ့ကြခြင်းဖြစ်သည်။

ဣသရေလများ ဧဒင်ကိုသွားခြင်း၏အရေးပါမှုကို မီးမောင်းထိုးပြရန်အတွက်၊ မောရှေသည် ထိုနေရာ၏ သန့်ရှင်းခြင်းစရိုက်လက္ခဏာကို အလေးပေးဖော်ပြခဲ့သည်။ ဧဒင်၏သန့်ရှင်းမှုကို ညွှန်ပြခြင်း သည် သူတို့အား သူခေါ်ဆောင်ခဲ့သောကတိတော်ပြည်သည် ဘုရားသခင်၏ အထူးမျက်မှောက်တော်သို့ ဝင်ရောက်ခြင်း၏ကောင်းချီးများကို သူတို့ရရှိနိုင်သည့်နေရာဖြစ်ကြောင်း ဣသရေလလူတို့ကို သွန်သင် ပေးရန်ဖြစ်သည်။

## သန့်ရှင်းခြင်း

မောရှေသည် ဧဒင်၏သန့်ရှင်းခြင်းကိုဖော်ပြသည့် အဓိကနည်းလမ်းမှာ တဲတော်ကိုဖော်ပြရန် အသုံးပြုခဲ့သည့်အသုံးအနှုန်းများဖြင့် ၎င်းကိုဖော်ပြခြင်းဖြစ်သည်။ ဘုရားသခင်သည် ယေဘုယျသဘော အရ နေရာတကာတွင်တည်ရှိသော်လည်း၊ ဘုရားသခင်သည် သူ၏လူများထံ အထူးနည်းလမ်းဖြင့် ကြွလာကာတွေ့ဆုံသည့် တဲတော်တစ်ခုကို မောရှေသည်တည်ဆောက်ခဲ့ပြီး၊ ဤတဲတော်တွင် ဘုရား သခင်သည် သူ၏မျက်မှောက်တော်ကို ပြသမည်ဖြစ်ပြီး၊ သူ၏တရားတော်ကို ပေးကာ၊ မိမိလူတို့၏ ဝတ်ပြုကိုးကွယ်ခြင်းကိုခံယူ၍ သူတို့ကိုကောင်းကြီးပေးမည်ဖြစ်သည်။ ထို့ကြောင့်၊ မောရှေသည် တဲတော်ကိုဖော်ပြရာတွင် အသုံးပြုသည့်အသုံးအနှုန်းဖြင့် ဧဒင်ဥယျာဉ်အားသရုပ်ဖော်သောအခါ ဧဒင်နှင့် ခါနာန်တို့သည်လည်း ကမ္ဘာမြေကြီးပေါ်တွင် ဘုရားသခင်၏ အထူးတည်ရှိရာနေရာဖြစ်ကြောင်း ထုတ်ဖော်ခဲ့သည်။ ၎င်းတွင်၊ ဣသရေလတို့သည် ဘုရားသခင်၏ကြီးမြတ်သော ကောင်းချီးများကို ခံယူရရှိနိုင်သည်။

ဧဒင်၏အင်္ဂါရပ်ခုနစ်ပါးထက်မနည်းသည် တဲတော်ကဲ့သို့ပင် ဘုရားသခင်၏အထူးတည်ရှိမှု၏ သန့်ရှင်းသောနေရာဖြစ်ကြောင်း ညွှန်ပြနေသည်။ ပထမ၊ ၃:၈ တွင် ဘုရားသခင်သည် "ဥယျာဉ်သို့ကြွ တော်မူ" ကြောင်း မောရှေသည်အထူးအသုံးအနှုန်းကို အသုံးပြုခဲ့သည်။ "ကြွတော်မူခြင်း" ဟုပြန်ဆိုထား သော ဟေဗြဲအသုံးအနှုန်းသည် *mit halek* (מִתְהַלֵּךְ) ဖြစ်သည်။ ဝတ်ပြုရာ ၂၆:၁၂ နှင့် အခြားကျမ်းပိုဒ်များ တွင် တဲတော်၌ ဘုရားသခင်တည်ရှိနေကြောင်း မောရှေဖော်ပြသည့် အထူးနည်းလမ်းများထဲမှ တစ်ခုဖြစ် သောကြောင့် ဤဝေါဟာရသည် ထင်ရှားသည်။

ဒုတိယ၊ ၂:၉ တွင် ဧဒင်ဥယျာဉ်၏အဓိကအင်္ဂါရပ်တစ်ခုအဖြစ် အသက်ပင်အကြောင်း ကျွန်ုပ်တို့ ဖတ်ရသည်။ ဤမဂ္ဂလာဆိုင်ရာသစ်ပင်သည် ၎င်းကိုစားသောသူတို့အား ထာဝရအသက်ကိုပေးနိုင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ်ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သောတန်ခိုး ပိုင်ဆိုင်ထားသည်။ သမ္မာကျမ်းစာသည် ၎င်းကို အတိအလင်း ပြောမထားသော်လည်း မကြာသေးမီအတွင်း ရှေးဟောင်းသုတေသနပြုချက်များအရ ရှေးခေတ်မြင့်မြတ်သောနေရာအများ အပြားတွင် အသက်ပင်၏ပုံသဏ္ဌာန်တွေ့ရှိကြောင်း မှတ်သားထားသည်။ မောရှေတဲတော်၏တိုင်ခုနစ် တိုင်ပါရှိသည့်မီးတိုင်သည် အသက်ပင်အားပုံဆောင်ချက်ဖြစ်နိုင်သည်ဟု ဤအထောက်အထားသည် အခိုင်အမာဖော်ပြသည်။ ဤနည်းအားဖြင့်၊ ဧဒင်ဥယျာဉ်သည် မြေကြီးပေါ်ရှိ မူလသန့်ရှင်းသောနေရာ ဖြစ်ကြောင်း ဖော်ပြသည်။

ဧဒင်၏သန့်ရှင်းမှုကို မောရှေသတိပြုမိသည့် တတိယနည်းသည် ဒေသအတွင်းရှိ ရွှေနှင့် ရှဟံကျောက်တို့ကို အာရုံစိုက်ခြင်းဖြစ်သည်။ ၂:၁၂ အရဧဒင်ဒေသတွင် ရွှေနှင့် ရှဟံကျောက်များ ပေါများကြောင်း ကျွန်ုပ်တို့သိရှိရသည်။ ကျွန်ုပ်တို့မျှော်လင့်ထားသည့်အတိုင်း၊ ထွက်မြောက်ရာကျမ်း ၂၅-၄၀ တွင် တဲတော်ဆောက်လုပ်ခြင်း၏အရေးကြီးသောအစိတ်အပိုင်းများအဖြစ် ရွှေနှင့် ရှဟံကျောက်ကို ဖော်ပြထားသည်။

ဧဒင်ဥယျာဉ်နှင့် တဲတော်ကြားရှိ စတုတ္ထမြောက်ဆက်နွယ်မှုသည် ခေရုဗိမ် သို့မဟုတ် ကောင်းကင်တမန်များရှိနေခြင်းဖြစ်သည်။ ၃:၂၄ အရ၊ အသက်ပင်သို့မဝင်ရောက်ရန် ဘုရားသခင်သည် ခေရုဗိမ်များကို ဧဒင်ဥယျာဉ်တွင်ထားရှိခဲ့သည်။ အလားတူ၊ ထွက်မြောက်ရာ ၂၅:၁၈ နှင့် ၃၇:၉ တွင် တဲတော်၏အလှဆင်မှုများတစ်လျှောက်တွင် ခေရုဗိမ်များကိုတွေ့ရသည်။ ဤခေရုဗိမ်များသည် ဣသရေလလူမျိုးအား ကောင်းကင်ရှိ ကောင်းကင်တမန်များကိုသာမက၊ ဧဒင်ရှိသန့်ရှင်းရာဌာနကို စောင့်ကြပ်ပေးသည့် ကောင်းကင်တမန်များကိုပါ သတိရစေသည်။

ပဉ္စမ၊ ဧဒင်ဝင်ပေါက်သည် အရှေ့အရပ်တွင်ရှိကြောင်း ၃:၂၄ တွင်"အရှေ့ဘက်" ဟူ၍ ကျွန်ုပ်တို့ ဖတ်ရသည်။ ထွက်မြောက်ရာ ၂၇:၁၃ နှင့် အခြားကျမ်းပိုဒ်များစွာကို ကျွန်ုပ်တို့သဘောပေါက်သည်အထိ ဤအချက်သည် အရေးမကြီးဟုထင်ရပေမည်၊ တဲတော်၏အဓိကဝင်ပေါက်သည်လည်း အရှေ့ဘက်ခြမ်း တွင်ရှိသည်။ ဤသည်မှာ ရှေးခေတ်အရှေ့အလယ်ပိုင်းရှိ ဗိမာန်တော်အများစုတွင် အခြေအနေဖြစ်သည်။ တစ်ဖန်၊ ဧဒင်သည် ဘုရားသခင်၏သန့်ရှင်းသောကျိမ်းဝပ်ရာအရပ်အဖြစ် ထင်ရှားသည်။

ဆဋ္ဌမ၊ ဧဒင်တွင် အာဒံ၏အမှုတော်အကြောင်းဖော်ပြရာတွင် တဲတော်၌လေဝိဆိုင်ရာအမှုဆောင် ခြင်းအတွက်အသုံးပြုသည့် ဘာသာစကားဖြင့် မောရှေသည်ပြောဆိုခဲ့သည်။ မောရှေသည် ဥယျာဉ်၌ အာဒံ၏တာဝန်ကို ၂:၁၅ တွင် ဤနည်းဖြင့် ဖော်ပြခဲ့သည်_

> ထိုအခါ ထာဝရအရှင်ဘုရားသခင်သည် လူကိုယူ၍ ဧဒင်ဥယျာဉ်ကို
> ပြုစုစောင့်ရှောက်စေခြင်းငှါ ထားတော်မူ၏ (ကမ္ဘာဦး ၂း၁၅)။

ဤအသုံးအနှုန်းများကို တောလည်ရာ ၃:၇-၈ နှင့် ၈:၂၆ တို့တွင်လည်း တွဲ၍တွေ့ရသည်။ ထိုနေရာတွင်၊ မောရှေသည် တဲတော်ရှိလေဝိသားများ၏ လုပ်ဆောင်မှုကို တူညီသောအသုံးအနှုန်းများ ဖြင့် ဖော်ပြခဲ့သည်။ အာဒံနှင့်ဧဝသည် ဧဒင်ဥယျာဉ်တွင် ယဇ်ပုရောဟိတ်များအဖြစ် အမှုထမ်းခဲ့သည်။

သတ္တမ၊ ဧဒင်ဥယျာဉ်ကိုတည်ဆောက်ခြင်းသည် ဖန်ဆင်းခြင်းခြောက်ရက်နောက်တွင် ဖြစ်ပေါ် လာသည်မှာ ထင်ရှားသည်။ ယခင်သင်ခန်းစာတွင် ကျွန်ုပ်တို့မြင်ရသည့်အတိုင်း၊ ကမ္ဘာဦး ၂:၁-၃ တွင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်၏ဥပုသ်စောင့်ထိန်းခြင်းသည် ဖန်ဆင်းခြင်းခြောက်ရက်တွင် အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ စိတ်ဝင်စားစရာကောင်းသည်မှာ၊ ထွက်မြောက်ရာကျမ်း ၂၄:၁၆နှင့်နောက်ပိုင်းအဆိုအရ၊ မောရှေသည် ဘုရားသခင်နှင့်အတူ တောင်ပေါ်တွင် ခြောက်ရက်နေခဲ့ပြီး၊ သတ္တမနေ့တွင် ဘုရားသခင်သည်သူ့ကို တဲတော်ဆောက်ရန်ညွှန်ကြားခဲ့သည်။

ဒေင်ဥယျာဉ်ကို တဲတော်ကဲ့သို့ သန့်ရှင်းသောနေရာဟု မောရှေယူဆကြောင်း ဒေင်၏အင်္ဂါရပ်ခုနစ်ပါးသည် ဖော်ပြသည်။ ဤသည်မှာ ကမ္ဘာပေါ် ရှိ ဘုရား၏ အထူးတည်ရှိသောနေရာဖြစ်သည်။ ထိုနေရာနှင့်နီးခြင်းသည် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာများနှင့် နီးခြင်းဖြစ်သည်။

ကျွန်ုပ်တို့မြင်ပြီးဖြစ်သည့်အတိုင်း၊ ခါနာန်သည် ဒေင်၏တည်နေရာဖြစ်သည်ဟု မောရှေယုံကြည်ခဲ့သည်။ ရလဒ်အနေနှင့်၊ ဒေင်၏သန့်ရှင်းသောစရိုက်လက္ခဏာကို အာရုံစိုက်ရာတွင်၊ မောရှေသည် ခါနာန်၏သန့်ရှင်းသောစရိုက်လက္ခဏာကိုလည်း အာရုံစိုက်ခဲ့သည်။ ခါနာန်၏အနီးတွင်ရှိခြင်းသည် သူ၏ သန့်ရှင်းသောနေရာအဖြစ် အစအဦးကတည်းကပင် ဘုရားသခင်သတ်မှတ်ထားသောနေရာအနီးတွင် ရှိနေခြင်းဖြစ်သည်။ ဤအနာဂတ်သန့်ရှင်းရာဌာနနှင့်ပတ်သက်၍ မောရှေ၏သွန်သင်ချက်ကို မြင်တွေ့ရသည့် အကောင်းဆုံးကျမ်းပိုဒ်တစ်ခုမှာ တရားဟောရာ ၁၂:၁၀-၁၁ ဖြစ်သည်။ ထိုနေရာတွင် သူသည်ဤစကားများကိုရေးခဲ့သည်_

> သင်တို့သည် ယော်ဒန်မြစ်တဘက်သို့ကူး၍၊ သင်တို့အမွေခံရာဘို့ သင်တို့၏ ဘုရားသခင် ထာဝရ ဘုရားပေးတော်မူသော ပြည်၌ နေကြသောအခါ၊ ရန်သူအပေါင်းတို့လက်မှ သင်တို့ကို ကယ်နှုတ်တော်မူ သဖြင့် ငြိမ်ဝပ်စွာ နေကြသောအခါ၊ နာမတော်ကို တည်စေဘို့ရာ၊ သင်တို့၏ ဘုရားသခင် ထာဝရဘုရား ရွေးကောက်တော်မူသော အရပ် ရှိရမည်။ ထိုအရပ်သို့ ငါမှာထားသမျှအတိုင်း၊ သင်တို့မီးရှို့ရာယဇ် အစရှိသောယဇ်များ၊ ဆယ်ဘို့တဘို့ ပူဇော်သက္ကာ၊ ချီးမြှောက်ရာ ပူဇော်သက္ကာ၊ ထာဝရဘုရားအား ဂတိရှိသည်အတိုင်း၊ မြတ်သော ပူဇော်သက္ကာတို့ကို ဆောင်ခဲ့ရကြမည် (တရားဟောရာ ၁၂း၁၀-၁၁)။

ဤကျမ်းပိုဒ်သည် ခါနာန်ပြည်နှင့်ပတ်သက်သော မောရှေ၏ရူပါရုံ၏အဓိကအင်္ဂါရပ်များထဲမှ တစ်ခုကို ဖော်ပြသည်။ တစ်နေ့တွင် ခါနာန်သည် ဘုရားသခင်၏မျက်မှောက်တော် အမြဲတမ်းကျိန်းဝပ်ရာနေရာ—ထာဝရဘုရားအတွက် ဗိမာန်တော်ဖြစ်မည်ဟု အလေးပေးဖော်ပြခဲ့သည်။ သေချာသည်မှာ၊ မောရှေခေတ်တွင် ခါနာန်ပြည်သည် မူလဒေင်၏အရိပ်မျှသာဖြစ်သည်။ ရှောလမုန်သည် ယေရုရှလင်မြို့၌ ဗိမာန်တော်ကို တည်ဆောက်သောအခါ၌ပင်၊ ကတိတော်ပြည်သည် အပြစ်မှ အပြည့်အဝရွေးနှုတ်ခြင်း မရှိသေးရုံမက ၎င်း၏မူလစုံလင်ခြင်းသို့ ပြန်လည်ရောက်ရှိခြင်းမရှိသေးပါ။ သို့တိုင်၊ ဒေင်၏သန့်ရှင်းခြင်းအကြောင်း မောရှေရေးခဲ့သည့်အတိုင်း၊ ဣသရေလလူတို့ရှေ့တွင် သူသည် သူတို့၏ပြည်သည် တစ်နေ့မည်သို့ဖြစ်လာနိုင်သည်ဟူသော ရူပါရုံကို စွဲကိုင်ထားသည်။ ကတိတော်ပြည်သို့ ရောက်ရန်သည် မြေကြီးပေါ် ရှိ ဘုရားသခင်၏သန့်ရှင်းသောမျက်မှောက်တော်တည်ရှိရာအရပ်ဖြစ်သော ဒေင်အနီးသို့ ရွှေ့ရန်ဖြစ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သည်။ ဘုရားသခင်သည် အာဒံနှင့်ဧဝတို့ကို အံ့သြဖွယ်ဗိမာန်တော်ဥယျာဉ်တွင် အစအဦး၌ နေရာချထားသကဲ့သို့၊ ယခုအခါ ဘုရားသခင်သည် ဣသရေလလူတို့ကို ခါနာန်ပြည်သို့ ခေါ်ဆောင်လာကာ၊ ထိုပြည်၌ နေထိုင်သည်နှင့်တပြိုင်နက်၊ လူမျိုးသည် ဘုရားသခင့်ထံတော်၌ နေထိုင်ခြင်း၏ကောင်းချီးများကို စတင်ခံစားရလိမ့်မည်။

ကတိတော်ပြည်၌ ဣသရေလလူမျိုးများ စောင့်ကြိုနေသော ကျေးဇူးတော်၏ရှေ့ပြေးပုံစံအဖြစ် ဧဒင်တွင်မောရှေသည် အာဒံနှင့်ဧဝ၏ကောင်းချီးများကို မည်သို့ပြုစုပျိုးထောင်ပေးခဲ့သည်ကို ယခုကျွန်ုပ်တို့တွေ့မြင်ရပြီဖြစ်သောကြောင့်၊ ကျွန်ုပ်တို့သည် ကမ္ဘာဦးကျမ်း ၂–၃ တွင်ရှိသော ဒုတိယ အကြောင်းအရာကို ကြည့်ရှုရန် အနေအထားတွင် ရှိနေပါသည်။ အာဒံနှင့်ဧဝ၏သစ္စာစောင့်သိမှုကို ဘုရားသခင်စမ်းသပ်ခြင်း။ ဤဆိုလိုရင်းသည် မောရှေ၏တင်ဆက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည်။

## သစ္စာစောင့်သိခြင်း

သစ္စာစောင့်သိခြင်း၏ အဓိကအကြောင်းအရာသည် ဧဒင်နှင့်ပတ်သက်၍ မောရှေ၏ဇာတ်လမ်းအတွက် အရေးကြီးသည်။ ဧဒင်သည် ကြီးမားသောကောင်းချီးပေးရာနေရာဖြစ်သော်လည်း၊ ၎င်းသည် ကိုယ်ကျင့်တရားဆိုင်ရာတာဝန်ယူမှုလိုအပ်သည့်နေရာလည်းဖြစ်သည်။ မောရှေသည် ဤအချက်ကို အလေးပေးဖော်ပြခဲ့သည်။ အကြောင်းမှာသူတို့သွားမည့်ကတိတော်ပြည်တွင်လည်း ဣသရေလတို့သည် ဘုရားသခင်၏မိန့်မှာချက်တို့ကို သစ္စာစောင့်သိဖို့လိုအပ်သောကြောင့်ဖြစ်သည်။

မောရှေသည် ဤအကြောင်းအရာကို အဘယ်ကြောင့်အလေးပေးဖော်ပြသည်ကို နားလည်ရန်၊ ဧဒင်ဥယျာဉ်တွင် သစ္စာစောင့်သိမှုလိုအပ်ချက်နှင့် ခါနာန်တွင် သစ္စာစောင့်သိမှုလိုအပ်ချက် စသည့်အချက်နှစ်ချက်ကို လေ့လာရန်လိုသည်။ ဧဒင်ဥယျာဉ်တွင် အာဒံနှင့်ဧဝထံ၌ ဘုရားသခင်မျှော်လင့်ထားသည့် သစ္စာစောင့်သိမှုကို ဦးစွာကြည့်ကြပါစို့။

### ဧဒင်တွင်

ဥယျာဉ်တွင် သစ္စာစောင့်သိခြင်း၏ဆိုလိုရင်းသည် ကမ္ဘာဦးကျမ်း ၂ တွင် ကနဦးတွေ့ရပြီး၊ အခန်းကြီး ၂ နှင့် ၃ တို့တွင် ထပ်မံဖော်ပြထားသည်။ များသောအားဖြင့်၊ ၎င်းသည် ဤအခန်းများ၏ အဓိကအကြောင်းအရာဖြစ်သည်။ ကမ္ဘာဦး ၂:၁၆-၁၇ တွင် ဘုရားသခင်သည် အာဒံအား သစ္စာစောင့်သိရန် စိန်ခေါ် ပုံကိုနားထောင်ပါ_

> ထာဝရအရှင်ဘုရားသခင်ကလည်း၊ ကောင်းမကောင်းကို သိကျွမ်းရာအပင်မှတပါး၊ ထိုဥယျာဉ်၌ ရှိသမျှသော အပင်တို့၏အသီးကို သင်သည်စားရသောအခွင့်ရှိ၏။ ထိုအပင်၏ အသီးကိုကားမစားရ။ စားသောနေ့တွင် ဧကန်အမှန်သေရမည်ဟု လူကိုပညတ်ထားတော်မူ၏ (ကမ္ဘာ ၂:၁၆-၁၇)။

ယခုတွင်၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏ပထမမိဘများအား ဤအပင်ကိုအဘယ်ကြောင့် ကန့်သတ်ထားသနည်း၊ အကောင်းအဆိုးကိုသိခြင်းသည် သမ္မာကျမ်းစာ၏အခြားအပိုင်းများတွင် တန်ဖိုးကြီးသည်မဟုတ်ပါလော။ သို့သော်၊ ဤမသေချာမရေရာမှုများရှိလင့်ကစား၊ အာဒံနှင့်ဧဝတို့သည် သူ့အပေါ်သစ္စာရှိကြောင်းကိုသိမြင်ရန် ဘုရားသခင်သည် စမ်းသပ်နေကြောင်း ထင်ရှားပါသည်။ အာဒံနှင့် ဧဝတို့သည် နာခံမှုရှိလျှင် ဘုရားသခင်ထံမှ သာ၍ကြီးသောကောင်းချီးများ ရရှိကြမည်ဖြစ်သည်။ သို့ရာတွင် ၎င်းတို့သည်ဖီဆန်ပါက၊ ဘုရားသခင်၏ တရားစီရင်ခြင်းကို ခံရမည်ဖြစ်သည်။ ဒေင်သည် သန့်ရှင်းရာအရပ်ဖြစ်ပြီး၊ ထိုအရပ်၌နေသော လူတို့သည်လည်း သန့်ရှင်းကြရသည်။

## ခါနန်၌

ဒေင်ဥယျာဉ်တွင် သစ္စာစောင့်သိမှုနှင့်ပတ်သက်၍ စမ်းသပ်ခြင်းကိုအာရုံစိုက်ခြင်းဖြင့်၊ ကတိတော် ပြည်သို့ သူ့အနေဖြင့်ပို့ဆောင်ပေးခဲ့သော ဣသရေလလူမျိုးအတွက် သစ္စာစောင့်သိမှုသည် ညီမျှစွာ လိုအပ်ချက်ကို မောရှေ အလေးပေးဖော်ပြခဲ့သည်။ မောရှေသည် ဣသရေလလူတို့ကို ကတိတော်ပြည် သို့ ပို့ဆောင်စဉ်၊ ဘုရားသခင်သည်သူ့အပေါ်သစ္စာရှိရန်တောင်းဆိုကြောင်း သူတို့ကို မောရှေမကြာခဏ သတိပေးခဲ့သည်။ တရားဟောရာကျမ်းအခန်းကြီးရှစ်တွင် ဤအကြောင်းအရာနှင့်ပတ်သက်၍ မောရှေ သည်သူ၏သွန်သင်ချက်ကို အကျဉ်းချုပ်၍ဖော်ပြခဲ့သည်။ တရားဟောရာ ၈:၁ တွင် ဤစကားလုံးများကို ကျွန်ုပ်တို့ဖတ်ရသည်_

> သင်သည် အသက်ရှင်၍ များပြားမည်အကြောင်း၊ ထာဝရ ဘုရားသည် သင်၏ဘိုးဘေးတို့အား ကျိန်ဆိုတော် မူသောပြည်သို့ သွား၍ ဝင်စားမည်အကြောင်း၊ ယနေ့ ငါမှာထားသော ပညတ်အလုံးစုံတို့ကို ကျင့်ဆောင်အံ့ သောငှာ သတိပြုရမည် (တရားဟောရာ ၈း၁)။

ဤကျမ်းပိုဒ်၌ဣသရေလလူမျိုးများသည် ခါနာန်ပြည်ကို ဝင်ရောက်ကာသိမ်းပိုက်နိုင်ရန် ဘုရား သခင်အပေါ် သစ္စာစောင့်သိရန် တောင်းဆိုထားသည်မှာထင်ရှားသည်။ အမှန်တကယ်၊ လူမျိုး၏တော တွင်လှည့်လည်စဉ်တစ်လျှောက်လုံး၊ ဘုရားသခင်သည် ဣသရေလလူတို့ကို မည်သို့သန့်ရှင်းရမည်ကို သင်ကြားရန် စမ်းသပ်ခဲ့သည်။ ဥပမာ၊ တရားဟောရာ ၈:၂ တွင် ဤစကားလုံးများကို ကျွန်ုပ်တို့ဖတ်ရ သည်_

> သင်၏ ဘုရားသခင် ထာဝရဘုရားသည် သင့်ကို နှိမ့်ချစုံစမ်း၍၊ ပညတ်တော်တို့ကို ကျင့်ချင်သော စိတ်ရှိသည် မရှိသည်ကို သိမည်အကြောင်း၊ လွန်ခဲ့ပြီး သော အနှစ်လေးဆယ်ပတ်လုံး တော၌ ပို့ဆောင်တော်မူ သော လမ်းခရီးတရှောက်လုံးကို အောက်မေ့ရမည် (တရားဟောရာ ၈:၂)။

၎င်းအပြင်၊ ဣသရေလလူမျိုးသည် သန့်ရှင်းသောပြည်သို့ရောက်သည်နှင့် တပြိုင်နက် ဘုရားသခင်အပေါ် သစ္စာစောင့်သိရမည် သို့မဟုတ် ဤအခွင့်ထူးကို ဆုံးရှုံးရလိမ့်မည်ဖြစ်ကြောင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မောရှေရှင်းလင်းစွာဖော်ပြခဲ့သည်။ တရားဟောရာ ၈း၁၀-၂၀ တွင် သူမည်သို့ဆိုထားသည်ကို နားထောင်ကြည့်ပါ_

> ထိုကောင်းမွန်သော ပြည်ကို ပေးသနားတော်မူသည်ဖြစ်၍၊ သင်သည် ဝစွာစားရသောအခါ၊ သင်၏ ဘုရားသခင် ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းရမည်။ ယနေ့ ငါဆင့်ဆိုသော စီရင်ထုံးဖွဲ့ချက်၊ ပညတ်တရားတော်တို့ကို သင်သည်မစောင့်၊ သင်၏ဘုရားသခင်ထာဝရဘုရားကို မေ့လျော့သောအပြစ်ကို သတိနှင့်ရှောင်လော့။...သင်၏ ဘုရားသခင်ထာဝရဘုရားကို သင်သည် မေ့လျော့သဖြင့်၊ အခြားတပါးသော ဘုရားတို့ကို ဆည်းကပ်၍ ဝတ်ပြုကိုးကွယ်လျှင်၊ ပျက်စီးခြင်းသို့ အမှန်ရောက်လိမ့်မည်ဟု ယနေ့ ငါသည်သင့်တဘက်၌ သက်သေခံ၏။ သင်၏ဘုရားသခင် ထာဝရဘုရား၏စကားတော်ကို နားမထောင်သောကြောင့်၊ ထာဝရဘုရားသည် သင့်ရှေ့မှာ ဖျက်ဆီးတော်မူသော လူမျိုးများကဲ့သို့၊ ထိုနည်းတူ သင်သည် ပျက်စီးခြင်းသို့ ရောက်ရလိမ့်မည် (တရားဟောရာ ၈း၁၀-၂၀)။

အာဒံနှင့်ဧဝတို့ကဲ့သို့ပင် ဣသရေလလူမျိုးများသည် ဘုရားသခင်၏အမိန့်တော်ကို ဆန့်ကျင်ပုန်ကန်ရန် အလားအလာရှိသည်ကို မောရှေသိသည်။ ထိုသဘောထားများကြောင့်၊ မောရှေသည် ခါနာန်တွင်နေထိုင်လိုသူတိုင်း ဘုရားသခင်ကိုသစ္စာစောင့်သိရန်လိုအပ်ကြောင်း သတိပေးရန် ဥယျာဉ်တွင် အာဒံနှင့်ဧဝ၏စမ်းသပ်မှုကို အာရုံစိုက်ခဲ့သည်။ မှန်ပါသည်၊ ဘုရားသခင်သည် ဣသရေလတို့ထံမှ ပြီးပြည့်စုံမှုကို တောင်းဆိုခဲ့ခြင်းမဟုတ်ဘဲ၊ မည်သူမဆို သစ္စာစောင့်သိနိုင်ခြင်းသည် ဘုရားသခင်၏ကျေးဇူးတော်ကြောင့်သာ ဖြစ်သည်။ သို့တိုင်၊ ဣသရေလလူမျိုးများသည် ဥယျာဉ်တွင် အာဒံနှင့်ဧဝတို့ကဲ့သို့ ဘုရားသခင်၏ပညတ်များကို ထင်ရှားစွာချိုးဖောက်ပြီး သူ့ထံမှလှည့်ထွက်သွားပါက၊ သူတို့သည် ကတိတော်ပြည်၏ကောင်းချီးများကို ခံစားနိုင်ကြမည်မဟုတ်ပါ။ မောရှေသည် ဣသရေလလူမျိုးအား ကတိတော်ပြည်သို့ ရှေ့ဆက်သွားရန်တိုက်တွန်းသောအခါ၊ ဤပြည်၌ အသက်တာ၏ထူးခြားချက်ကို သူတို့သတိရကြမည်ကို မောရှေစိုးရိမ်ခဲ့သည်။ တရားဟောရာ ၈ ၏သွန်သင်ချက်ကို စိတ်ထဲတွင်မှတ်သားထားလျှက်၊ အာဒံနှင့်ဧဝတို့၏သစ္စာစောင့်သိမှုကိုအာရုံစိုက်ခြင်းဖြင့် မောရှေ၏အဓိကအကြောင်းရင်းကို ကျွန်ုပ်တို့ တွေ့မြင်နိုင်သည်။ ဘုရားသခင်၏ပညတ်တော်များကို သစ္စာစောင့်သိခြင်းအားဖြင့် အာဒံနှင့်ဧဝတို့ပြုမူခဲ့သောအရာကို နောက်ပြန်ဆုတ်ရန်ဣသရေလလူတို့ကိုနှိုးဆော်ရန် ဤကိစ္စကို သူသည်အလေးပေးဖော်ပြခဲ့သည်။ အာဒံနှင့်ဧဝတို့သည် ဥယျာဉ်၌စမ်းသပ်ခံခဲ့ကြရပြီး အပြစ်ပြုသောကြောင့် နှင်ထုတ်ခံခဲ့ရသည်။ မောရှေခေတ်တွင်၊ ဣသရေလလူမျိုးသည် ဧဒင်ဥယျာဉ်အပြင်ဘက်တွင် ရှိနေဆဲဖြစ်သော်လည်း၊ ဧဒင်ဥယျာဉ်သို့ ပြန်လည်ဝင်ရောက်ကာ ဘုရားသခင်၏ကောင်းချီးမင်္ဂလာတွင်နေထိုင်ဖို့ လူမျိုးကိုပြင်ဆင်ရန် သူတို့ကို ဘုရားသခင် စမ်းသပ်ခဲ့သည်။

ထို့ကြောင့် ဧဒင်ဥယျာဉ်တွင် သစ္စာစောင့်သိမှုစမ်းသပ်မှုအကြောင်း မောရှေရေးသားခဲ့သည်ကို ကျွန်ုပ်တို့တွေ့မြင်ရပြီး၊ သူသည် အာဒံနှင့်ဧဝတို့၏ ရှေးဦးကာလတွင် ဖြစ်ပျက်ခဲ့သောအရာများကို ဣသရေလလူတို့အား ရှင်းပြရုံသာမဟုတ်ပါ။ သူ၏ခေတ်ကာလ၌ ဖြစ်ပျက်နေမှုများကိုလည်း ရှင်းပြ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘင်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သည်။ ဘုရားသခင်သည် အသက်တာ၏ အံ့ဩဖွယ်ကောင်းချီးမင်္ဂလာကို ဧဒင်ဥယျာဉ်တွင်ဣသရေလတို့အား ပေးနေသည်။ သို့တိုင်၊ အာဒံနှင့်ဧဝတို့ကဲ့သို့ ဘုရားသခင်အပေါ် သစ္စာစောင့်သိခြင်းမရှိပါက ဤကောင်းချီးများကို ရရှိခံစားကြမည်မဟုတ်ပါ။ မောရှေသည် ဣသရေလလူမျိုးအား ယုံကြည်ခြင်းဖြင့် သန့်ရှင်းသောလူမျိုးအဖြစ် အသက်ရှင်နေထိုင်ရန်၊ ဘုရားသခင်၏အမိန့်တော်များကို အပြည့်အဝ ဆည်းကပ်ရန် မိန့်တော်မူခဲ့သည်။ သို့မှသာ သူတို့သည်ပြည်တွင်းသို့ ဝင်ရောက်နိုင်ပြီး ငြိမ်းချမ်းစွာနေထိုင်နိုင်မည်ဟု မျှော်လင့်နိုင်မည်ဖြစ်သည်။

မောရှေသည် ဧဒင်နှင့် ခါနာန်ပြည်ကို ကမ္ဘာမြေကြီးပေါ် ရှိ ဘုရားသခင်၏ကောင်းချီးပေးရာနေရာအဖြစ် မည်သို့သရုပ်ဖော်ခဲ့သည်ကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရပြီးနောက်၊ ၎င်းနေရာနှစ်ခုလုံးအတွင်း နေထိုင်သူများထံမှ သစ္စာစောင့်သိမှုလိုအပ်ကြောင်း သူ၏တင်ပြပုံကိုလည်း ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရပါသည်။ ယခု ကျွန်ုပ်တို့သည် ဣသရေလအတွက် ကမ္ဘာဦးကျမ်း ၂ နှင့် ၃ ၏မူလအဓိပ္ပာယ်၏တတိယအတိုင်းအတာဖြစ်သော အာဒံနှင့်ဧဝ၏သစ္စာမဲ့ခြင်း၏အကျိုးဆက်များကို အာရုံစိုက်သွားမည်ဖြစ်သည်။

# အကျိုးဆက်များ

ဥယျာဉ်တွင် လွန်ကျူးမှု၏အကျိုးဆက်များကို ကြည့်ရန်အတွက်ကျွန်ုပ်တို့သည် အာဒံနှင့်ဧဝတို့၏ အပြစ်၏ရလဒ်သုံးခုဖြစ်သည့် သေခြင်း၊ နာကျင်ခြင်းနှင့် ဖယ်ထုတ်ခြင်းတို့ကို ကြည့်ပါမည်။

## သေခြင်း

ပထမတွင်၊ ဘုရားသခင်သည် အပြစ်၏အကျိုးဆက်အနေဖြင့် အာဒံနှင့်ဧဝကို သေစေမည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း မောရှေရှင်းပြသည်။ အာဒံအား ဘုရားသခင်၏သတိပေးချက်တွင် ဤဆိုလိုရင်းသည် ကမ္ဘာဦး ၂:၁၇ တွင်ပထမဆုံးတွေ့ရသည်။ ဤနေရာတွင်၊ ဘုရားသခင် မိန့်တော်မူသည်မှာ_

> “ထိုအပင်၏ အသီးကိုကားမစားရ။ စားသောနေ့တွင် ဧကန်အမှန်သေရမည်ဟု လူကိုပညတ်ထားတော်မူ၏”(ကမ္ဘာဦး ၂:၁၇)။

“ဧကန်အမှန်သေရမည်” ဟူသော စကားလုံးသည် နောင်လာမည့် သေခြင်း၏သေချာမှုကို ညွှန်ပြသည့် စကားစုတစ်ခုဖြစ်သည်။ ဤသဒ္ဒါတည်ဆောက်ပုံသည် မောရှေပညတ်၏ သေဒဏ်ခြိမ်းခြောက်သည့်ပုံစံနှင့် အလွန်ဆင်တူသည်။ မောရှေပညတ်သည် ကြီးလေးသောရာဇဝတ်မှုကျူးလွန်သူများအား သေဒဏ်အပြစ်ပေးမည်ဟု ခြိမ်းခြောက်သောအခါ၊ “သူသည်ဧကန်အမှန်သေရမည်” သို့မဟုတ် “သူတို့သည်ဧကန်မုချသေလိမ့်မည်” ဟုမောရှေကြေငြာခဲ့သည်။ ဤစာပိုဒ်များ၏ တရားဝင်ဥပဒေဆိုင်ရာ ဤအသုံးအနှုန်းများသည် သေဒဏ်စီရင်ချက်ကြေညာသည့် ပုံသေနည်းများဖြစ်ကြောင်း အခိုင်အမာဖော်ပြထားသည်။ အာဒံနှင့်ဧဝသည် ချက်ချင်းသေမည်ဟု ဘုရားသခင်သည်မဆိုထားသော်လည်း၊ ထိုသေခြင်းသည် အပြစ်၏နောက်သို့ လိုက်လာမည်မှာ သေချာသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အာဒံသည် သေဒဏ်ခံရမည်ဟုဖော်ပြထားသောကြောင့် ကျွန်ုပ်တို့သည် ကမ္ဘာဦး ၂:၁၇ တွင် အာဒံအားဘုရားသခင် ခြိမ်းခြောက်မှုကို နားလည်နိုင်သည်။ သူသည် သေဒဏ်အပြစ်စီရင်ခြင်းခံရလိမ့်မည်။ မောရှေသည် အာဒံ၏အပြစ်ကြောင့် ဤလောကသို့သေခြင်းတရားရောက်လာပုံကိုရှင်းပြရန် သေချာပေါက်ရေးသားခဲ့သည်၊ သို့သော် သူ၏ရည်ရွယ်ချက်သည် သူရေးသားခဲ့သော ဣသရေလလူမျိုး၏အတွေ့အကြုံနှင့်လည်း တိုက်ရိုက်သက်ဆိုင်သည်။ သူတို့သည် သေခြင်းတရားကို ကောင်းစွာသိကြသည်။ မောရှေ၏စာဖတ်သူများသည် ဘုရားသခင်ကိုပုန်ကန်သောကြောင့်၊ အီဂျစ်ပြည်မှထွက်ခွာသွားသော ပထမမျိုးဆက်အများစုသည် တောတွင်သေဆုံးကြသည်ကို မြင်တွေ့ခဲ့ရသည်။ တောလည်ရာ ၂၆:၆၅ တွင် မောရှေရေးခဲ့သည့်အတိုင်း_

> အကြောင်းမူကား၊ ထိုသူတို့သည်တော၌ အမှန်သေရကြမည်ဟု ထာဝရဘုရား မိန့်တော်မူပြီ။ ယေဖုန္နာ၏သား ကာလက်နှင့် နုန်၏သား ယောရှုမှတပါး၊ အရင်းလူတယောက်မျှ မကြွင်းမကျန်ရ (တောလည်ရာ ၂၆:၆၅)။

တစ်ဖန်၊ မောရှေ၏တရားနှင့် ဥယျာဉ်ရှိ အာဒံနှင့်ဧဝ၏မှတ်တမ်းတို့ကို ရည်ညွှန်းသည့် “သူတို့သည် ဧကန်အမှန်သေရမည်” ဟူသောစကားကို ကျွန်ုပ်တို့တွေ့မြင်ရသည်။

ဤအချက်နှင့်စပ်လျဉ်း၍၊ ဣသရေလလူမျိုးတို့သည် အာဒံနှင့်ဧဝတို့၏ဇာတ်လမ်းကိုကြားသိရသောအခါ၊ သူတို့၏တောတွင်း၌သေခြင်းအတွေ့အကြုံကို အာဒံနှင့်ဧဝ၏ဘုရားသခင့်အမိန့်တော်ကို ချိုးဖောက်ခြင်းနှင့် ချိတ်ဆက်နိုင်သည်။ ဥယျာဉ်ရှိ ဘုရားသခင်၏အမိန့်တော်ကိုလွန်ကျူးခြင်း၏ အကျိုးဆက်များသည် လူသားမျိုးနွယ်၏ ပထမဆုံးသောမိဘများအပေါ် သေဒဏ်ချမှတ်ခြင်း ဖြစ်သည်။ ထို့ပြင် မောရှေခေတ်တွင် ဘုရားသခင်၏အမိန့်တော်များကို ကြီးမားစွာသစ္စာဖောက်ကြောင်း ထင်ရှားခဲ့သော ဣသရေလလူမျိုးအပေါ် ထိုစီရင်ချက်သည် ဆက်လက်တည်ရှိ၍ နေသေးသည်။

## နာကျင်ခြင်း

ကမ္ဘာဦးကျမ်းမှတ်တမ်းကို ကျွန်ုပ်တို့ဖတ်ရှုသောအခါ သေခြင်းတရားသည် အာဒံနှင့်ဧဝထံ ချက်ချင်းမရောက်ကြောင်း ထင်ရှားသည်။ ဘုရားသခင်သည် အာဒံနှင့်ဧဝအား နာကျင်စေခြင်းသွင်ပြင်လက္ခဏာဖြင့် ဦးစွာချုပ်နှောင်ထားသည်။ တစ်ဖက်တွင်၊ ကမ္ဘာဦး ၃:၁၆ တွင် ဤစကားလုံးများကို ကျွန်ုပ်တို့ဖတ်ရပါသည်_

> မိန်းမကိုလည်း၊ "သင်၌ကိုယ်ဝန်ဆောင်ခြင်း ဝေဒနာကို ငါအလွန်များပြားစေရမည်။ ပင်ပန်းစွာ ဝေဒနာကို ခံ၍သားဘွားရမည်” (ကမ္ဘာဦး ၃:၁၆)။

တစ်ဖက်တွင်၊ ဘုရားသခင်သည်အာဒံကို နာကျင်စွာ အသက်ရှင်စေခြင်းဖြင့် အပြစ်ဒဏ်ပေးခဲ့သည်။ ကမ္ဘာဦး ၃:၁၇ တွင် အာဒံအားမိန့်တော်မူသော ဤစကားများကို ကျွန်ုပ်တို့ဖတ်ရသည်_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ်ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ယောက်ျားကိုလည်း၊ ထိုအပင်၏အသီးကိုမစားရဟု ငါပညတ်သော်လည်း၊
> သင်သည်မယား၏စကားကိုနားထောင်၍ စားမိသောကြောင့်၊ မြေသည်
> သင်၏အတွက်ကျိန်ခြင်းကို ခံလျက်ရှိ၏။ မြေ၏အသီးကို တစ်သက်ပတ်လုံး
> ပင်ပန်းစွာစားရမည် (ကမ္ဘာဦး ၃:၁၇)။

ဤအရာများအားလုံးသည် ဥယျာဉ်၌ရှိ အပြစ်၏အကျိုးဆက်များနှင့်ပတ်သက်၍ မောရှေပြော ခဲ့ခြင်းဖြစ်ပြီး၊ ဤနှစ်ပိုင်းသည် လူသားဝေဒနာအပေါ် အာရုံစိုက်ကာ ဣသရေလလူမျိုးထံရေးသည့် ဤမှတ်တမ်း၏ရည်ရွယ်ချက်နှင့်လည်း ကိုက်ညီပါသည်။ သူတို့သည် ခါနာန်ပြည်အပြင်ဘက်တွင်ရှိနေ စဉ် ဤနေရာတွင် ဖော်ပြထားသော ဝေဒနာမျိုးများကို ခံစားခဲ့ကြရသည်။ သို့သော် ကတိတော်ပြည်ရှိ အသက်တာနှင့်ပတ်သက်၍ မောရှေဖော်ပြပုံကို နားထောင်ပါ။ တရားဟောရာ ၁၁:၁၀-၁၂ တွင် ဤစကားလုံးများကို ကျွန်ုပ်တို့ဖတ်ရသည်_

> သင်တို့သွား၍ ဝင်စားလတံ့သော ပြည်သည် ကား၊ ယာလုပ်သကဲ့သို့ မျိုးစေ့ကြဲ၍
> ခြေဖြင့်ရေလောင်း ရသော ပြည်တည်းဟူသော သင်တို့ထွက်လာသော
> အဲဂုတ္တုပြည်နှင့် တူသည်မဟုတ်။ သင်တို့သွား၍ ဝင်စားလတံ့သောပြည်သည်
> တောင်များ၊ ချိုင့်များနှင့် ပြည့်စုံ၍ မိုဃ်းရေကိုသောက်သောပြည်၊
> သင်တို့၏ဘုရားသခင် ထာဝရဘုရားပြုစု၍ တနှစ်ပတ်လုံး
> ကြည့်ရှုတော်မူသောပြည် ဖြစ်၏ (တရားဟောရာ ၁၁း၁၀-၁၂)။

အတိုချုပ်ပြောရလျှင်၊ မောရှေသည် ခါနာန်ပြည်ပြင်ပတွင် တွေ့ကြုံခံစားခဲ့ရသောဝေဒနာများကို သက်သာစေမည့်အရပ်သို့ ဣသရေလလူတို့ကိုခေါ်ဆောင်သွားခြင်းဖြစ်သည်။ အကျိုးဆက်မှာ၊ မောရှေ သည် အာဒံနှင့်ဧဝတို့ထံ ကျရောက်လာသော နာကျင်မှုအကြောင်းကို ရေးသောအခါ၊ နာကျင်မှုဖြစ်စေ သောလွန်ကျူးမှုကို ရှောင်ရှားရန်၊ ခါနာန်ပြည်သို့ ပြန်သွားနိုင်ဖို့ရန်အတွက် သခင်ဘုရားအပေါ် သစ္စာရှိရန် နှင့် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာ၌ဘဝ၏ရွှင်လန်းမှုကို ခံစားနိုင်ရန် သူ၏ဣသရေလလူမျိုး စာဖတ် သူများကို ရေးခဲ့သည်။

## ဖယ်ထုတ်ခြင်း

အာဒံနှင့်ဧဝ၏သစ္စာမဲ့မှု၏ တတိယအကျိုးသက်ရောက်မှုကို ၃:၂၂ တွင်တွေ့ရသည်။ ကမ္ဘာဦး ၃:၂၂ ပါစကားလုံးများကို သုံးသပ်ကြည့်ပါ_

> ထာဝရအရှင်ဘုရားသခင်ကလည်း၊ လူသည် ငါတို့တွင် တပါးပါးကဲ့သို့ဖြစ်၍၊
> ကောင်းမကောင်း သိတတ်၏။ ယခုမှာ သူသည် ထာဝရအသက်ကို ရခြင်းငှါ၊
> လက်ကိုဆန့်လျက် အသက်ပင်၏အသီးကို ယူ၍မစားသင့်ဟု မိန့်တော်မူ၏
> (ကမ္ဘာဦး ၃:၂၂)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤကျမ်းပိုဒ်အရ အသက်ပင်သည် လူသားတို့အား “ထာဝရအသက်ရှင်” စေနိုင်ကြောင်း ထင်ရှားသည်။ ၎င်းသည် ဝေဒနာနှင့်သေခြင်းပြဿနာ၏ နောက်ဆုံးအဖြေဖြစ်သည်။ သို့တိုင်၊ ဘုရားသခင်သည် ဤအချိန်တွင် အာဒံနှင့်ဧဝတို့စားမည်ကို မလိုလားခဲ့ပါ။ ၎င်းတို့ကို ဥယျာဉ်နှင့်အသက်ပင်တို့မှ ဖယ်ထုတ်ထားခဲ့သည်။ အသက်ပင်သို့ ဝင်ရောက်ခွင့်သည် လူသားမျိုးနွယ်အတွက် ထာဝစဉ် တားမြစ်ထားမည် မဟုတ်ကြောင်း သတိရရန် အရေးကြီးသည်။ ကျန်ကျမ်းစာတစ်ခုလုံးတွင် ဘုရားသခင်အပေါ် သစ္စာစောင့်သိသူများသည် ဤသစ်ပင်မှအသီးကိုနောက်ဆုံးတွင် စားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။ ဗျာဒိတ် ၂:၇ တွင် အသက်ပင်အကြောင်း တမန်တော်ယောဟန်ပြောသည်ကို နားထောင်ပါ_

> အကြင်သူသည် အောင်မြင်၏။ ထိုသူသည်ငါ၏ဘုရားသခင် ပရဒိသုဥယျာဉ်၌ရှိသော အသက်ပင်၏အသီးကို စားစေခြင်းငှာအခွင့်ပေးမည် (ဗျာဒိတ် ၂း၇)။

ယခု ယောဟန်သည် ခရစ်တော်ကမ္ဘာမြေသို့ ပြန်လည်ကြွလာချိန်၏ နောက်ဆုံးကာလကို ဆိုခြင်းဖြစ်သည်။ သို့တိုင်၊ မောရှေသည် ဤသစ်ပင်နှင့်ပတ်သက်၍ ဣသရေလလူတို့အား အဘယ်ကြောင့် ရေးခဲ့သည်ကို သူ၏စကားလုံးသည်ရှင်းပြပါသည်။ အာဒံနှင့်ဧဝတို့ ပြစ်မှားမိသောအခါ၊ ဘုရားသခင်သည် အသက်ပင်၏လမ်းကို ပိတ်ဆို့ထားသော်လည်း မောရှေလက်ထက်တွင်၊ ဣသရေလလူမျိုးအတွက် ခါနာန်ပြည်သို့ ပြန်လာသောအခါတွင် အနည်းဆုံး အသက်၏ကောင်းချီးကိုကြိုတင်မြည်းစမ်းနိုင်ရန် လမ်းဖွင့်ပေးခဲ့သည်။ တရားဟောရာ ၃၀:၁၉-၂၀ တွင် မောရှေ မိန့်ဆိုပုံကို နားထောင်ပါ_

> အသက်ရှင်ခြင်း၊ သေခြင်း၊ ကောင်းကြီးပေးခြင်း၊ ကျိန်ခြင်းတို့ကို သင့်ရှေ့၌ငါထားသည်ဟု သင့်တဘက်၌ကောင်းကင်မြေကြီးကို ငါတိုင်တည်၏။ သို့ဖြစ်၍၊ သင်နှင့် သင့်အမျိုးအနွယ်သည် အသက်ရှင်မည် အကြောင်းနှင့်၎င်း၊ သင်၏ဘုရားသခင်ထာဝရဘုရားကိုချစ်၍ စကားတော်ကို နားထောင်သဖြင့်၊ အသက်ရှင်ခြင်းအကျိုး၊ အသက်တာရှည်ခြင်းအကျိုးကိုပေးတော်မူသော ကိုယ်တော်ကို ဆည်းကပ်မှီဝဲမည်အကြောင်းနှင့်၎င်း၊ ထာဝရဘုရားသည် သင်၏ဘိုးဘေး အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား ကျိန်ဆိုတော်မူသောပြည်၌ နေမည်အကြောင်းနှင့် ယုဉ်သောအသက်တရားကို ရွေးယူလော့ဟု ဣသရေလအမျိုးအား ဟောပြော၏ (တရားဟောရာ ၃၀:၁၉-၂၀)။

ဣသရေလလူတို့သည် ဘုရားသခင်အပေါ် သစ္စာရှိမည်ဆိုပါက၊ ခါနာန်ပြည်တွင် အသက်တာရှည်ပြီး ပျော်ရွှင်ခြင်းရရှိဖို့ရန် အခွင့်အရေးရကြလိမ့်မည်။ အာဒံနှင့်ဧဝတို့သည် အသက်ပင်သို့ဝင်ရောက်ခွင့် ဆုံးရှုံးသွားသကဲ့သို့၊ မောရှေခေတ်တွင်၊ ဘုရားသခင်သည် ဣသရေလလူမျိုးကို ထိုနေရာ၌ တွေ့ရှိရသည့် အသက်၏ကောင်းချီး၏အရသာတစ်စိတ်တစ်ပိုင်းအား ပေးဆောင်လျက်ရှိသည်။ ဤအသက်တာ၏အတွေ့အကြုံသည် ခရစ်တော်ပြန်ကြွလာသောအခါ ကျွန်ုပ်တို့သိသော ထာဝရအသက်၏ပြည့်စုံသော အတိုင်းအတာတစ်ခုမဟုတ်ပါ။ သို့တိုင်၊ ၎င်းသည်ခရစ်တော်၌ရောက်လာမည့်အရာ၏ တစ်စိတ်တစ်ပိုင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကြိုတင်မြည်စမ်းချက်ဖြစ်လိမ့်မည်။ မောရှေသည် ဣသရေလလူမျိုးအား ကတိတော်ပြည်၌ အသက်ရှည်ခြင်း၏ကောင်းချီးကို ခံစားရန် အခွင့်အရေးပေးခဲ့သည်။

ထို့ကြောင့် ဒေင်ဥယျာဉ်တွင် အာဒံနှင့်ဧဝတို့၏ပုန်ကန်မှုဇာတ်လမ်းသည် ကမ္ဘာပေါ် ရှိအပြစ်တရား၏မူလမှတ်တမ်းထက် များစွာပိုသည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။ ဧဒင်နှင့် ခါနာန်ကြားချိတ်ဆက်ယူခြင်းဖြင့် မောရှေသည် ဣသရေလလူမျိုး စာဖတ်သူများကို ၎င်းတို့၏ကိုယ်ပိုင်ဘဝအကြောင်းကိုလည်း သင်ပေးခဲ့သည်။ သူတို့အတွက် ကတိတော်မြေသည် မည်မျှ အံ့သြဖွယ်ကောင်းသည်ကို သင်ယူခဲ့ကြသည်။

ယခု ကျွန်ုပ်တို့သည် စာပေဖွဲ့စည်းပုံနှင့် ကမ္ဘာဦးကျမ်း ၂-၃ ၏မူလအဓိပ္ပာယ်ကို တွေ့မြင်ရပြီးနောက်၊ တတိယမေးခွန်းကို မေးရန် အသင့်ဖြစ်နေပြီဖြစ်သည်။ ဤကျမ်းပိုဒ်ကို ယနေ့လက်တွေ့ကျင့်သုံးရန် ဓမ္မသစ်ကျမ်းသည် ကျွန်ုပ်တို့ကို မည်သို့သွန်သင်ထားသနည်း။

# ခေတ်သစ်ကျင့်သုံးမှု

အာဒံနှင့်ဧဝ၏အမှားများကိုဣသရေလလူမျိုးတို့ရှောင်ရန်နှင့် ခါနန်ပြည်သို့ဝင်ရောက်ခြင်းဖြင့် ပရဒိသုဘုံသို့ပြန်သွားရန် သူ၏ဣသရေလလူမျိုးစာဖတ်သူများကို အားပေးရန် မောရှေသည် ဤကျမ်းပိုဒ်ကိုရေးသားခဲ့သည်မှာ ထင်ရှားသည်။ သို့သော် ဣသရေလသို့ညွှန်ကြားသော ဤညွှန်ကြားချက်များသည် ယနေ့ကျွန်ုပ်တို့နှင့် မည်သို့သက်ဆိုင်သနည်း။ ရိုးရှင်းစွာပြောရလျှင်၊ မောရှေသည် ပရဒိသုဘုံ၌နေထိုင်ရန်လိုအပ်သောကယ်တင်ခြင်းကို ဣသရေလလူမျိုးတို့တစ်ဖန်ရှာတွေ့နိုင်စေရန် အာဒံ၏ခြေရာများကို ခြေရာပြန်ကောက်ရန်နှင့် နောက်ပြန်ဆုတ်ရန် ဥယျာဉ်ရှိအပြစ်၏ဇာတ်လမ်းကို အသုံးပြုခဲ့သကဲ့သို့၊ ဓမ္မသစ်ကျမ်းရေးသူများသည် ခရစ်တော်၌ ကယ်တင်ခြင်းတရားသည် ပရဒိသုဘုံသို့ပြန်သွားခြင်းဖြစ်ကြောင်း သင်ကြားပို့ချခဲ့သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏နိုင်ငံတော်၏အဆင့်သုံးဆင့်ကို အာရုံစိုက်ခြင်းဖြင့် ကျွန်ုပ်တို့၏ပုံမှန်ပုံစံအတိုင်း ခရစ်တော်နှင့်စပ်လျဉ်းသည့် ကမ္ဘာဦးကျမ်း ၂-၃ ကို ဓမ္မသစ်ကျမ်းတွင်အသုံးပြုပုံကို လေ့လာပါမည်။ ဤကျမ်းပိုဒ်သည် ခရစ်တော်၏ ပထမဆုံးကြွလာတော်မူခြင်းတွင် နိုင်ငံတော်စတင်ခြင်းနှင့်သက်ဆိုင်ပုံကို ကြည့်ရှုခြင်းဖြင့် စတင်မည်ဖြစ်ပြီး၊ ထို့နောက် ယနေ့ဘုရားသခင်၏နိုင်ငံတော် ဆက်လက်တည်ရှိနေချိန်တွင် ကျွန်ုပ်တို့၏အသက်တာနှင့်ပတ်သက်၍ ၎င်းသည် မည်သို့ပြောဆိုသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ နောက်ဆုံးအနေနှင့်၊ ဓမ္မသစ်ကျမ်းသည် ခရစ်တော်၏ဒုတိယကြွလာချိန်၌ ကိုယ်တော်၏နိုင်ငံတော် ပြီးပြည့်စုံခြင်းအကြောင်း သွန်သင်ပေးသည့်အတိုင်း ဤကျမ်းပိုဒ်အပေါ် သက်ရောက်မှုရှိသည်ကို ကျွန်ုပ်တို့တွေ့မြင်ရမည်ဖြစ်သည်။ နိုင်ငံတော်စတင်ခြင်းကို ဦးစွာကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ္ဒမစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိုင်ငံတော်တည်ထောင်ခြင်း

ခရစ်တော်သည် ဤကမ္ဘာသို့ ကယ်တင်ခြင်းယူဆောင်ပေးသည့်အကြောင်း ဓမ္မသစ်ကျမ်းတွင် ဖော်ပြသည့်နည်းလမ်းတစ်ခုမှာ သူ၏မြေကြီးဆိုင်ရာဓမ္မအမှုတော်တွင်ဖြစ်သည်။ ခရစ်တော်၏နိုင်ငံတော်စတင်ခြင်းတွင် ဧဒင်ဥယျာဉ်၌ အာဒံနှင့်ဧဝ ပြုခဲ့သည့်အရာများကို ခြေရာပြန်ကောက်ကာ နောက်ပြန်ဆုတ်ခဲ့သည်။ သူ၏မြေကြီးဆိုင်ရာဓမ္မအမှုတော်တွင်၊ ခရစ်တော်သည် အာဒံနှင့်ဧဝ ကျရှုံးခဲ့သော ဘုရားသခင်၏အမိန့်တော်များကို ဖြည့်ဆည်းပေးခဲ့သည်။ ပေါလု၏ပေးစာများတွင် ဤအကြောင်းအရာအား မည်ကဲ့သို့ဖော်ပြထားသည်ကို ဦးစွာကြည့်ရှုပြီး၊ ဒုတိယအနေဖြင့် မသဲခရစ်ဝင်ကျမ်းတွင် မည်သို့တွေ့ရသည်ကိုကြည့်ခြင်းဖြင့် ဤရှုထောင့်အပေါ်ဓမ္မသစ်ကျမ်း၏သွန်သင်ချက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့လေ့လာပါမည်။ ပေါလု၏အမြင်ဖြင့် စတင်ကြပါစို့။

## ပေါလု

ပေါလုသည် သူ၏အမြင်ကို ရောမ ၅:၁၄ တွင် အကျဉ်းချုပ်ဖော်ပြခဲ့သည်။ ထိုနေရာတွင် သူရေးထားသည်မှာ

> သို့သော်လည်း အာဒံလက်ထက်မှစ၍ မောရှေလက်ထက်တိုင်အောင် သေခြင်းတရားသည် အစိုးရ၏။ အာဒံပြစ်မှားသည်နည်းတူ မပြစ်မှားသော သူတို့ကိုပင် အစိုးရ၏။ ထိုအာဒံသည် နောက်လာလတံ့သောသူ၏ ပုံပမာဖြစ်သတည်း (ရောမ ၅း၁၄)။

အာဒံသည် နောက်လာလတ္တံ့သောသူ၏အမျိုးအစားဖြစ်ကြောင်း ပေါလုပြောခဲ့သည်ကို သတိပြုပါ။ ရောမ ၅ ၏ကျန်အပိုင်းများတွင် "နောက်လာလတ္တံ့သောသူ"သည် ခရစ်တော်ဖြစ်ကြောင်း ရှင်းပြထားသည်။ ရောမ ၅:၁၈-၁၉ တွင် ပေါလုတင်ပြပုံကို နားထောင်ပါ_

> ထိုကြောင့်၊ တယောက်သောသူ၏ပြစ်မှားခြင်းအားဖြင့်၊ လူအပေါင်းတို့သည် အပြစ်စီရင်ခြင်းနှင့် တွေ့ကြုံရကြသည်နည်းတူ၊ တယောက်သောသူ၏ ဖြောင့်မတ်ခြင်းအားဖြင့်၊ လူအပေါင်းတို့သည် အသက်နှင့် ယှဉ်သော ဖြောင့်မတ်ရာသို့ ရောက်ခြင်းအခွင့်ကို ရကြ၏။ အကြောင်းမူကား၊ တယောက်သောသူသည် နားမထောင်သောအားဖြင့်၊ လူများတို့သည် အပြစ်ရောက်သည်နည်းတူ၊ တယောက်သော သူသည် နားထောင်သောအားဖြင့်၊ လူများတို့သည် ဖြောင့်မတ်ရာသို့ ရောက်ရကြ၏ (ရောမ ၅:၁၈-၁၉)။

ဤနေရာတွင် ပေါလု မည်သို့တင်ပြထားသည်ကို သတိပြုပါ။ အာဒံ၏ပြစ်မှားမှုတစ်ခုသည် လူသားအားလုံးအတွက် ပြစ်တင်ရှုတ်ချခြင်းကို ဖြစ်ပေါ်စေသော်လည်း၊ ခရစ်တော်၏ ဖြောင့်မတ်ခြင်းတစ်ခုတည်းသာလျှင် လူသားအားလုံးအတွက် ဖြောင့်မတ်ခြင်းကို ဖြစ်ပေါ်စေခဲ့သည်။ အဘယ်ကြောင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤသို့ဖြစ်ရသနည်း။ အဘယ်ကြောင့်ဆိုသော် လူသားအာဒံ၏မနာခံခြင်းသည် ကျွန်ုပ်တို့အား အပြစ်သား ဖြစ်စေခဲ့သည်။ သို့သော် ခရစ်တော်တည်းဟူသောသူတစ်ဦး၏ နာခံမှုကြောင့် ကျွန်ုပ်တို့ကို ဖြောင့်မတ် စေခဲ့သည်။ ဤသွန်သင်ချက်သည် ခရစ်ယာန်အများစုနှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သည်။ ကမ္ဘာဦးကျမ်း ၂–၃ တွင် မောရှေသွန်သင်ခဲ့သည့်အတိုင်း၊ အာဒံသည် လူတစ်ဦးတည်းသာဖြစ်သော်လည်း၊ သူ၏လုပ်ရပ် များသည် သူနှင့်ခွဲခြားသတ်မှတ်ထားသူအားလုံး၌ အကျိုးဆက်များရှိခဲ့သည်။ အာဒံသည် ဘုရားသခင်ရှေ့ တော်၌ ကျွန်ုပ်တို့၏ကိုယ်စားလှယ် သို့မဟုတ် ပဋိညာဉ်ကိုယ်စားပြုသူဖြစ်သောကြောင့် သူ၏အပြစ် သည်လူသားအားလုံးကို သေစေခဲ့သည်။ အာဒံ၏အပြစ်ကြောင့်၊ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင့် ကောင်းချီးမင်္ဂလာ၏အပြင်ဘက်နှင့် သေခြင်း၏ကျိန်ခြင်းအောက်တွင် မွေးဖွားလာကြသည်။ သို့သော် တစ်ချိန်တည်းတွင်၊ ခရစ်တော်သည် ကိုယ်တော်ကိုယုံကြည်သူတိုင်း၏ကိုယ်စားလှယ် သို့မဟုတ် ပဋိညာဉ်တရား၏ကိုယ်စားပြုသူဖြစ်ကြောင်း ဓမ္မသစ်ကျမ်းတွင်သွန်သင်ထားသည်။ သို့ရာတွင် အာဒံ၏ မနာခံမှုနှင့် ဆန့်ကျင်ဘက်အားဖြင့်၊ ဘုရားသခင်အပေါ်ခရစ်တော်၏နာခံခြင်းသည် သူ့ထံ၌ရေတွက်ခံရ သူအားလုံးအတွက် ဖြောင့်မတ်ခြင်းနှင့်အသက်ကို ဆောင်ကြဉ်းပေးသည်။ အာဒံ၏အပြစ်ဇာတ်လမ်းကို ကျွန်ုပ်တို့၏အသက်တာတွင် ကျင့်သုံးခြင်းနှင့်ပတ်သက်၍ အလွန်အရေးကြီးသောအရာကို ဤသွန်သင် ချက်မှ ကျွန်ုပ်တို့လေ့လာသိရှိခဲ့ရသည်။ ပျောက်ဆုံးသွားသောပရဒိသုဘုံကို ပြန်ရှာတွေ့ရန် တစ်ခုတည်း သောနည်းလမ်းမှာ ခရစ်တော်၏ ဖြောင့်မတ်သောနာခံမှုအားဖြင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင် ရှေ့၌ ကျွန်ုပ်တို့၏ကိုယ်ပိုင်ကုသိုလ်ကောင်းမှုများဖြင့် ကယ်တင်ခြင်း၏ပရဒိသုဘုံသို့ မဝင်ရောက်နိုင်ပါ။ ပရဒိသုဘုံသို့ဝင်ရောက်ရန် ကျွန်ုပ်တို့၏ရှေ့တွင်  လုံးဝပြီးပြည့်စုံသော ကိုယ်စားလှယ်တစ်ဦးလိုအပ်ပြီး ခရစ်တော်သည် ထိုကိုယ်စားလှယ်ဖြစ်သည်။ ခရစ်တော်သည် ခမည်းတော်ကို အပြည့်အဝနာခံသော ကြောင့်သာ ဘုရားသခင်၏မျက်မှောက်တော်တွင် ထာဝရအသက်ကယ်တင်ခြင်းကို ကျွန်ုပ်တို့တွေ့နိုင် ပါသည်။ ယေရှုသည် သူ၏မြေကြီးဆိုင်ရာဓမ္မအမှုတော်တွင် ပရဒိသုဘုံသို့ဝင်ရောက်ခွင့်ကို ရရှိခဲ့ပြီး၊ ကိုယ်တော်ကိုယုံကြည်သောသူများသည်သာ ကိုယ်တော်နှင့်အတူ ဝင်ရောက်နိုင်မည်ဖြစ်သည်။

ပေါလု၏ အာဒံနှင့်ခရစ်တော်ကြားဆက်စပ်မှုကို အခြားသော ဓမ္မသစ်ကျမ်းရေးသူများမှလည်း မျှဝေခဲ့သည်။ ရှင်မဿဲခရစ်ဝင်ကျမ်းတွင် ဤအကြောင်းအရာအား မည်သို့ဖော်ပြထားသည်ကို သုံးသပ် ကြည့်ကြပါစို့။

## ရှင်မဿဲ

အထူးသဖြင့် ရှင်မဿဲသည် အာဒံ၏အပြစ်ကို ခြေရာပြန်ကောက်ရန်နှင့် နောက်ပြန်ဆုတ်ရန် ခရစ်တော်၏သွေးဆောင်မှုမှတ်တမ်း (လုကာ ၄း၁-၁၃ တွင်တွေ့ရသောတူညီကျမ်းပိုဒ်) မဿဲ ၄း၁-၁၁ ကို အာရုံစိုက်ခဲ့သည်။ ကွဲပြားသောနည်းလမ်းများဖြင့်၊ ခရစ်တော်၏သွေးဆောင်မှုဇာတ်လမ်းသည် ဧဒင်ဥယျာဉ်ရှိအာဒံနှင့်ဧဝ၏အတွေ့အကြုံနှင့် အာဒံနှင့်ဧဝအကြောင်းရေးသားစဉ် ဣသရေလလူတို့ထံ မောရှေပေးခဲ့သည့်စိန်ခေါ်ချက်များ စသည့်နှစ်ခုစလုံးနှင့်တူညီနေသည်။ ပထမတွင်၊ ခရစ်တော်၏ သွေးဆောင်မှု၏တည်နေရာသည် မောရှေနောက်သို့လိုက်သော ဣသရေလလူများနှင့် ၎င်းကိုချိတ်ဆက် ပေးသည်။ မဿဲ ၄:၁ အရ၊ ဘုရားသခင်သည် ဣသရေလလူမျိုးကို တောသို့ပို့ဆောင်တော်မူသကဲ့သို့၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယေရှုသည် ဝိညာဉ်တော်အားဖြင့် တောသို့ ပို့ဆောင်ခြင်းခံရသည်။ ဘုရားသခင်သည် ဣသရေလလူတို့နာခံမှုရှိမရှိ သိနိုင်ရန် တောတွင်စမ်းသပ်ခဲ့ပြီး၊ ခရစ်တော်သည်လည်း တော၌ စမ်းသပ်ခြင်းခံခဲ့ရသည်။

ဒုတိယ၊ ယေရှုသည် တောတွင်နေထိုင်သည့်အချိန်ကာလသည် ဣသရေလလူမျိုး၏အတွေ့အကြုံနှင့် အတူတူပင်ဖြစ်သည်။ မဿဲ ၄:၂ အရ ဣသရေလလူမျိုးတို့သည် အနှစ်လေးဆယ်ပတ်လုံး တော၌ရှိခဲ့သည်အတိုင်း၊ ခရစ်တော်သည် အရက်လေးဆယ်ပတ်လုံး တော၌ရှိတော်မူခဲ့သည်။

တတိယ၊ ဆာလောင်မှုသည် ခရစ်တော်အားသွေးဆောင်မှုတွင် အရေးကြီးသောအင်္ဂါရပ်တစ်ခုဖြစ်သည်။ မဿဲ ၄:၃ တွင် စာတန်သည် ကျောက်ခဲများကို မုန့်အဖြစ်ပြောင်းရန် ခရစ်တော်ကို စုံစမ်းခဲ့သည်။ ခရစ်တော်အားသွေးဆောင်မှု၏ ဤအတိုင်းအတာသည် တောထဲတွင် ရေနှင့်အစားအစာအတွက် ဣသရေလလူတို့ကို စမ်းသပ်ခြင်းနှင့် တူညီသည်။

စတုတ္ထ၊ သမ္မာကျမ်းစာကို ယေရှု၏အသုံးပြုပုံကိုကြည့်ခြင်းဖြင့် တော၌ဣသရေလတို့စမ်းသပ်ခံရမှုများနှင့် သူ၏အတွေ့အကြုံကို ကိုယ်တိုင်ချိတ်ဆက်ခဲ့သည်ကိုတွေ့ရသည်။ မဿဲ ၄:၄ တွင် ယေရှုသည် တရားဟောရာ ၈:၃ ကို ကိုးကားခဲ့သည်။ မဿဲ ၄:၇ တွင် တရားဟောရာ ၆:၁၆ ကိုကိုးကားပြီး၊ မဿဲ ၄:၁၀ တွင် တရားဟောရာ ၆:၁၃ ကို ကိုးကားခဲ့သည်။ ဤဓမ္မဟောင်းကျမ်းပိုဒ်များသည် တော၌ ဣသရေလ၏စမ်းသပ်မှုကို မောရှေဖော်ပြခဲ့သော တရားဟောရာကျမ်း၏အပိုင်းများမှ ဖြစ်သည်။ ဤကျမ်းပိုဒ်များကို ကိုးကားခြင်းအားဖြင့် ယေရှုသည် သူ၏သွေးဆောင်မှုအတွေ့အကြုံကို ဣသရေလလူမျိုး၏စမ်းသပ်မှုနှင့် တိုက်ရိုက်ချိတ်ဆက်ခဲ့သည်။ထို့ကြောင့် ယေရှု၏သွေးဆောင်မှုအကြောင်း မဿဲ၏မှတ်တမ်းသည် ကမ္ဘာဦးကျမ်း ၂–၃ မှတစ်ဆင့် ဣသရေလလူမျိုးအား မောရှေမှုလပေးခဲ့သော သတင်းနှင့် ဆက်စပ်နေကြောင်း ကျွန်ုပ်တို့တွေ့မြင်ရသည်။ ယေရှု၏နာခံမှုဖြင့် အာဒံနှင့်ဣသရေလတို့ နှစ်ဦးစလုံး ကျရှုံးခဲ့သောအရာကို ကိုယ်တော်အောင်မြင်ခဲ့သည်။ ခရစ်တော်သည် ဘုရားသခင်၏ အမိန့်တော်များကို သစ္စာစောင့်သိသည်။ ထို့ကြောင့် လုကာ ၂၃:၄၃ တွင်တွေ့ရသော လူအများသိသော စကားများကို ယေရှုမိန့်ဆိုခဲ့သည်။ ခါနာန်ပြည်ပရဒိသုဘုံသို့ဝင်ရောက်ရန် ဣသရေလလူတို့သည် တော၌ စုံစမ်းခြင်းများကိုရင်ဆိုင်ရသကဲ့သို့၊ လုကာ ၂၃:၄၃ တွင် နောင်တရသောသူခိုးကို ကားတိုင်ပေါ်တွင် ခရစ်တော်ဤသို့မိန့်တော်မူသည်ကို မှတ်သားထားသည်_

> ယေရှုကလည်း၊ ငါအမှန်ဆိုသည်ကား၊ ယနေ့တွင် သင်သည် ငါနှင့်အတူ
> ပရဒိသုဘုံ၌ရှိလိမ့်မည်ဟု မိန့်တော်မူ၏ (လုကာ ၂၃:၄၃)။

ခရစ်တော်၏ဖြောင့်မတ်ခြင်းအတွက် ဆုလာဘ်သည် ပရဒိသုဘုံတွင် ထာဝရအသက်ဖြစ်သည်။

ထို့ကြောင့် အာဒံနှင့်ဧဝတို့၏သွေးဆောင်မှုနှင့် ဣသရေလတို့ကို တောတွင်စမ်းသပ်ခြင်းအပါအဝင် ခရစ်တော်၏မြေကြီးဆိုင်ရာ နိုင်ငံတော်စတင်ခြင်းဓမ္မအမှုတော်အထိတိုင် ဓမ္မသစ်ကျမ်းသည် ဆက်စပ်ပေးကြောင်း ကျွန်ုပ်တို့တွေ့မြင်ရသည်။ ခရစ်တော်သည် ပထမအာဒံ ကျရှုံးခဲ့သောအရာကို အောင်မြင်ခဲ့သောသူ နောက်ဆုံးအာဒံဖြစ်သည်။ ထို့အပြင်၊ ခရစ်တော်သည် ဣသရေလတို့၏ ကျရှုံးမှုကို နောက်ပြန်ဆုတ်ခြင်းဖြင့် တောတွင်သွေးဆောင်မှုကို အောင်နိုင်ခဲ့သည်။ ထိုအကြောင်းကြောင့်၊ သူသည် ထာဝရပရဒိသုဘုံသို့ ဝင်ရောက်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ္ဒမစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယခုတွင် ဓမ္မသစ်ကျမ်းသည် ခရစ်တော်၏ပထမကြွလာခြင်းနှင့် ဥယျာဉ်ရှိ မောရှေ၏အာဒံနှင့် ဧဝ၏မှတ်တမ်းကို မည်သို့ဆက်စပ်ထားသည်ကို ကျွန်ုပ်တို့တွေ့မြင်ပြီးဖြစ်သောကြောင့်၊ ကျွန်ုပ်တို့၏ ဒုတိယအကြောင်းအရာသို့ရွှေ့သင့်သည်။ ဓမ္မသစ်ကျမ်းသည် ကျွန်ုပ်တို့ယခုအသက်ရှင်သန်နေသည့် အချိန်၊ နိုင်ငံတော်၏ဆက်လက်တည်ရှိခြင်းအတွက် ဤမှုများကို မည်သို့ကျင့်သုံးသနည်း။

# ဆက်လက်တည်ရှိခြင်း

ဤကိစ္စနှင့်စပ်လျဉ်း၍ ဓမ္မသစ်ကျမ်းတွင် ကျမ်းပိုဒ်အချို့သည် ထင်ရှားသည်။ သို့သော် ကျွန်ုပ်တို့ နှစ်ခုသာကြည့်ပါမည်။ ပထမ၊ ကမ္ဘာဦးကျမ်း၏ဤအခန်းများအပေါ် ပေါလု၏အာရုံစိုက်မှု၊ ဒုတိယ၊ ဤပြဿနာများအကြောင်း ယာကုပ်ရေးသားပုံတို့ဖြစ်သည်။

## ပေါလု

၂ ကောရိန္သု ၁၁:၃ တွင် ပေါလုရေးသောစကားများကို ဦးစွာကြည့်ရှုကြပါစို့_

> မြွေသည်မိမိပရိယာယ်အားဖြင့် ဧဝကိုလှည့်စားသကဲ့သို့၊ သင်တို့သည် စိတ်ဆွေးမြေ့ယိုယွင်း၍၊ ခရစ်တော်ကို အကြွင်းမဲ့ချစ်သောစိတ် ပျောက်မည်ဟု စိုးရိမ်ခြင်းရှိ၏ (၂ ကောရိန္သု ၁၁:၃)။

ဤအခန်းတွင် ရှင်ပေါလုဆက်လက်ဖော်ပြသကဲ့သို့၊ ကောရိန္သုမြို့သားများသည် အခြားသော ဧဝံဂေလိတရားဘက်သို့ လှည့်သွားမည်ကို သူသည်အလွန်စိုးရိမ်ကြောင်း ရှင်းပြသည်။ ပေါလုသည် အဆိုးရွားဆုံးသစ္စာမဲ့မှုမျိုးကိုသတိပေးရန် ဧဝ၏အဆိုးနမူနာကို ဤနေရာတွင် ဖော်ပြခဲ့သည်ကိုတွေ့မြင်ရသည်—ခရစ်တော်၏ စစ်မှန်သော ဧဝံဂေလိတရားမှ လှည့်ထွက်ခြင်း။ မောရှေသည် ဧဝ၏သွေးဆောင်ခံရမှုဇာတ်လမ်းကိုအသုံးပြုပြီး ကတိတော်ပြည်သို့ သစ္စာရှိစွာသွားရန် ဣသရေလအားသတိပေးသကဲ့သို့၊ ပေါလုသည် ခရစ်တော်နောက်လိုက်သူအားလုံး၏အခြေခံသစ္စာစောင့်သိမှုလိုအပ်ကြောင်း သူ၏ခေတ် ယုံကြည်သူများအား သတိပေးရန် တူညီသောဇာတ်လမ်းကိုအသုံးပြုခဲ့သည်။ နိုင်ငံတော်ဆက်လက်တည် ရှိချိန်အတွင်း၊ မြင်နိုင်သောအသင်းတော်မှလူအများအပြားသည် ဧဝံဂေလိတရား၏အခြေခံသမ္မာတရား များမှ လှည့်ထွက်သွားခြင်းအန္တရာယ်ကို ရင်ဆိုင်နေကြရသည်။ အကျိုးဆက်များသည် အာဒံနှင့်ဧဝတို့ ကဲ့သို့ ကြောက်စရာကောင်းသောကြောင့် ဤအယူလွှဲကျူးမှုအဆင့်ကို အသင်းတော်သည် သတိပြု ကာကွယ်ရမည်ဖြစ်သည်။

## ရှင်ယာကုပ်

ယာကုပ်သည် ခရစ်ယာန်အသက်တာတွင် စမ်းသပ်ခြင်းနှင့် စုံစမ်းခြင်း၏အခန်းကဏ္ဍကိုရှင်းပြရာ၌ ပေါလု၏ရပ်တည်ချက်နှင့် တူညီသောသဘောထား ရှိခဲ့သည်။ ယာကုပ် ၁း၁၂-၁၅ တွင် ဖတ်ရသည့် စကားလုံးများမှာ_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> စုံစမ်းနှောင့်ရှက်ခြင်းကို သည်းခံသောသူသည် မင်္ဂလာရှိ၏။ အကြောင်းမူကား၊ စစ်ကြောစုံစမ်းခြင်းကို ခံပြီးမှ သခင်ဘုရားကို ချစ်သောသူတို့အား ဂတိထားတော်မူသောအသက်သရဖူကို ရလိမ့်မည်။...မိမိတပ်မက်သောစိတ် ဆွဲငင်ဖြားယောင်းခြင်းကို ခံသောသူမည်သည်ကား၊ အပြစ်သွေးဆောင်ခြင်းသို့ ရောက်တတ်၏။ တပ်မက်သောစိတ်သည် ပဋိသန္ဓေ ယူ၍ဒုစရိုက်သည်လည်း ပြည့်စုံလျှင်သေခြင်းကို ဘွားတတ်၏ (ယာကုပ် ၁း၁၂-၁၅)။

ယာကုပ်သည် ကမ္ဘာဦးကျမ်း ၂-၃ ကို ရည်ညွှန်းသည်မှာ ထင်ရှားသည်။ ၁း၁၄ တွင် အပြစ်သို့ သွေးဆောင်မှု၏နောက်ကွယ်မှ စွမ်းအားအဖြစ် လူသား၏ "တပ်မက်ခြင်း" ကို သူသည်အာရုံစူးစိုက်ခဲ့ပြီး၊ ၎င်းသည် ဧဝအားအပြစ်ဖြစ်စေသော ကောင်းမကောင်းကို သိကျွမ်းရာအပင်၏အသီးကို စားလိုသော ဆန္ဒဖြစ်သည်။ ဒုတိယ၊ ယာကုပ်သည် စုံစမ်းမှုကိုအောင်မြင်သူများသည် "အသက်သရဖူကိုရလိမ့်မည်" ဟုရှင်းပြခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့်၊ အပြစ်၏ရလဒ်သည် "သေခြင်းကို ဘွားခြင်း" ဖြစ်သည်။ ဤနေရာတွင် အသက်ရှင်ခြင်းနှင့် သေခြင်းကြား ခြားနားချက်သည် အာဒံနှင့် ဧဝဇာတ်လမ်းတွင်တွေ့ရသော အသက်ရှင်ခြင်းနှင့် သေခြင်းကြားခြားနားမှုနှင့် တူညီသည်။မောရှေသည် အာဒံနှင့်ဧဝ၏ သွေးဆောင်မှုကို ဖော်ပြခြင်းဖြင့် တော၌စုံစမ်းမှုများတွင် ဣသရေလတို့အနေဖြင့်သစ္စာရှိကြရန် အားပေးခဲ့သကဲ့သို့၊ ပေါလုနှင့်ယာကုပ်တို့သည် နိုင်ငံတော်ဆက်လက်တည်ရှိခြင်း၏ စမ်းသပ်မှုများ အတွင်း သစ္စာရှိရန် ကျွန်ုပ်တို့အား တိုက်တွန်းခွန်အားပေးသည်။ ခရစ်ယာန်အသက်တာအတွင်း စမ်းသပ်မှုများသည် ကျွန်ုပ်တို့၏စရိုက်လက္ခဏာအမှန်ကို ဖော်ပြပြီး ထာဝရအသက်အတွက် ပြင်ဆင်ပေးသည်။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်၊ ကျွန်ုပ်တို့သည် ပရဒိသုဘုံ၌ ထာဝရအသက်ဆုကျေးဇူးကို ချီးမြှောက်ခြင်းခံစားနိုင်ရန်အတွက် ခရစ်တော်အပေါ်သစ္စာရှိနေရန် ကျွန်ုပ်တို့အတတ်နိုင်ဆုံးလုပ်ဆောင်ရမည်ဖြစ်သည်။

ဓမ္မသစ်ကျမ်းသည် ဥယျာဉ်တော်၌ အာဒံနှင့်ဧဝတို့၏ ဇာတ်လမ်းကို နိုင်ငံတော်စတင်ခြင်းနှင့် ဆက်လက်တည်ရှိခြင်းတွင် မည်သို့ကျင့်သုံးသည်ကို တွေ့မြင်ပြီးနောက်၊ ကျွန်ုပ်တို့သည် နောက်ဆုံး အဆင့်ဖြစ်သော ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာတော်မူချိန်တွင် ကယ်တင်ခြင်း၏ပြီးပြည့်စုံခြင်းကို အာရုံစိုက်သင့်သည်။

# ပြီးပြည့်စုံခြင်း

ဤအခင်းအကျင်းသည် ဓမ္မသစ်ကျမ်းနေရာများစွာတွင် တွေ့ရှိရသော်လည်း၊ ကျွန်ုပ်တို့သည် ရောမဩဝါဒစာမှ ကျမ်းပိုဒ်တစ်ပိုဒ်နှင့် ဗျာဒိတ်ကျမ်းမှတစ်ပိုဒ် ဤနှစ်ပိုဒ်ကိုသာ လေ့လာပါမည်။

## ရောမဩဝါဒစာ

ပထမဦးစွာ၊ ရောမမြို့ရှိယုံကြည်သူများထံ ပေါလုသည် သူ၏စာကိုအဆုံးသတ်စဉ် မျှော်လင့်ချက်ပေးပုံကိုနားထောင်ပါ။ ရောမ ၁၆း၂၀ တွင် ဤစကားများကို ရေးသားခဲ့သည်_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ္ဒမ်စ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ငြိမ်သက်ခြင်းအရှင်ဘုရားသခင်သည် မကြာမမြင့်မီ စာတန်ကို
> သင်တို့ခြေအောက်၌ နှိပ်စက်တော်မူမည်။ ငါတို့သခင်ယေရှု၏
> ကျေးဇူးတော်သည် သင်တို့၌ ရှိပါစေသော (ရောမ ၁၆း၂၀)။

ဤစကားများတွင်၊ ပေါလုသည် ရောမခရစ်ယာန်များအား ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းအပေါ် သူတို့၏ကြီးမားသောမျှော်လင့်ချက်နှင့်ပတ်သက်၍ သတိပေးခဲ့သည်။ သို့သော် ကမ္ဘာဦးကျမ်း ၃ ရှိကယ်တင်ခြင်းဆိုင်ရာကတိတော်ကို ပြန်ရည်ညွှန်းခြင်းဖြင့် သူသည်ထိုသို့ပြုခဲ့သည်။ ဤသင်ခန်းစာတွင် ကျွန်ုပ်တို့အစောပိုင်းတွေ့မြင်ခဲ့ရသည့်အတိုင်း၊ ကမ္ဘာဦး ၃:၁၅ တွင် ဧဝ၏အမျိုးအနွယ်ဖြစ်သည့် လူသားမျိုးနွယ်သည် တစ်နေ့တွင်မြွေ၏ဦးခေါင်းကိုကြိတ်မည့်အကြောင်း ဘုရားသခင်သည် မြွေအားမိန့်တော်မူခဲ့သည်။ ဤကျမ်းပိုဒ်တွင် ခရစ်တော်ပြန်ကြွလာသောအခါ စာတန်သည် ခရစ်ယာန်များ၏ခြေအောက်တွင် ကြိတ်ခံရမည်ဟု ရှင်ပေါလုမိန့်ဆိုခဲ့သည်။ ခရစ်တော်ကိုယ်တိုင် စာတန်နှင့် ကျွန်ုပ်တို့၏ တန်ခိုးကြီးသောရန်သူ၊ သေခြင်းတရားကို ဖျက်ဆီးလိမ့်မည်။ ထိုအခါ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ အောင်ပွဲခံ၍ ဘုန်းအသရေဖြင့် စိုးစံကြပါမည်။

## ဖွင့်လှစ်ဖော်ပြခြင်း

ကမ္ဘာဦးကျမ်း ၂-၃ တွင်တွေ့ရသော နိုင်ငံတော်၏ ပြီးပြည့်စုံခြင်းအကြောင်းအရာနှင့် ဆက်စပ်နေသည့် ဓမ္မသစ်ကျမ်း၏ အခြားတစ်နေရာသည် ဗျာဒိတ်ကျမ်းဖြစ်သည်။ ယောဟန်သည် အသက်ပင်နှင့်ပတ်သက်၍ဤကျမ်းတွင် အကြိမ်ကြိမ် ကိုးကားခဲ့သည်။ ဗျာဒိတ် ၂:၇ တွင် ယောဟန်တင်ပြပုံကို နားထောင်ပါ_

> ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့ မိန့်တော်မူသည်ကို၊
> နားရှိသောသူမည်သည်ကားကြားပါစေ။ အကြင်သူသည် အောင်မြင်၏။
> ထိုသူသည်ငါ၏ဘုရားသခင် ပရဒိသုဥယျာဉ်၌ရှိသော အသက်ပင်၏အသီးကို
> စားစေခြင်းငှာအခွင့်ပေးမည် (ဗျာဒိတ် ၂း၇)။

ဤတွင် ကမ္ဘာဦးကျမ်း ၃ ကို ရည်ညွှန်းနေခြင်းသည်ထင်ရှားသည်။ အာဒံနှင့်ဧဝတို့အသက်ပင်၏အသီးကိုစားသုံးခြင်းမှ ကာကွယ်ရန် ဧဒင်ဥယျာဉ်မှ နှင်ထုတ်ခံရခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့သိသည်။ သို့တိုင်၊ ခရစ်တော်ပြန်ကြွလာသောအခါ၊ ဘုရားသခင်သည် သူ၏လူများကို အသက်ပင်မှအသီးအား စားပိုင်ခွင့်ကို ပေးမည်ဖြစ်သည်။ ဤသစ်ပင်တည်ရှိရာနေရာကိုလည်း သတိပြုပါ။ "ဘုရားသခင်၏ ပရဒိသုဘုံ၌" ဖြစ်သည်ဟု ယောဟန်သည်အတိအလင်းဆိုခဲ့သည်။ ခါနာန်ပြည်တွင်အသက်တာရှည်ခြင်းကိုတွေ့နိုင်သောကြောင့် မောရှေသည်ဣသရေလလူမျိုးကို ထိုနေရာသို့ဝင်ရောက်ရန် ခေါ်သကဲ့သို့၊ ခရစ်ယာန်များသည် သာ၍ကြီးမြတ်ပြီး အပြည့်အဝပြန်လည်တည်ဆောက်ထားသောပရဒိသုဘုံသို့ ဝင်ရောက်ရန် မျှော်လင့်ချက်ရှိကြသည်။

တတိယအချက်တွင်၊ သစ်ပင်မှအသီးစားမည့်သူများကို ဖော်ထုတ်ခြင်းတွင် ကမ္ဘာဦးကျမ်းနှင့် အခြားဆက်စပ်မှုကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ "အောင်မြင်သောသူ"အား စားသုံးခွင့်ကို ပေးမည်ဟု



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယောဟန် ဆိုသည်။ မောရှေသည် ဣသရေလလူမျိုးတို့ဘုရားသခင်အပေါ် သစ္စာရှိရန် တိုက်တွန်းခွန်အား ပေးဖို့ရန် အသက်ပင်အကြောင်းမိန့်တော်မူသကဲ့သို့ သစ္စာစောင့်သိမှုဖြင့် အပြစ်ကို အောင်နိုင်သူသာလျှင် အသက်ပင်မှအသီးကို စားနိုင်မည်ဖြစ်ကြောင်း ယောဟန်ရှင်းပြသည်။

နောက်ဆုံးတွင်၊ ဗျာဒိတ် ၂၂:၁-၂ ကိုကျွန်ုပ်တို့ကြည့်သင့်သည်။ ယောဟန်သည် ကမ္ဘာသစ်ကို မျှော်ကြည့်သောအခါ၊ သူမြင်သောအရာသည်–

> တဖန် ကျောက်သလင်းကဲ့သို့ ကြည်လင်၍ ဘုရားသခင်နှင့် သိုးသူငယ် ၏ ပလ္လင်တော်ထဲက ထွက်သော အသက်ရေ စီးရာမြစ်ကို ကောင်းကင်တမန်သည် ငါ့အား ပြလေ၏။ မြို့လမ်းမ အလယ်၌၎င်း၊ ထိုမြစ်နှစ်ဘက်၌၎င်းအသက်ပင် ရှိ၏။ ထိုအသက်ပင်သည် အသီးတဆယ့်နှစ်မျိုးကို သီးတတ်၏။ မိမိအသီးကိုလည်း လတိုင်း ပေးတတ်၏။ အရွက်သည်လည်း လူအမျိုးမျိုးတို့၏ အနာရောဂါငြိမ်းစရာဘို့ ဖြစ်၏ (ဗျာဒိတ် ၂၂း၁-၂)။

ဓမ္မသစ်ကျမ်း၏ ရှုထောင့်သည် ရှင်းပါသည်။ ခရစ်တော်သည် သူ၏နိုင်ငံကိုပြီးပြည့်စုံရန် ပြန်လာသောအခါ၊ ခရစ်တော်ကိုယုံကြည်သောသူများသည် ဒေင်ပရဒိသုဘုံသို့ ဝင်ရောက်ကြလိမ့်မည်။ စာတန်သည် ကျွန်ုပ်တို့၏ခြေအောက်တွင် ကြိတ်ခြင်းခံရမည်ဖြစ်ပြီး ကျွန်ုပ်တို့သည် အသက်ပင်မှ အသီးကိုစား၍ ဘုရားသခင်၏ဖန်ဆင်းခြင်းအသစ်တွင် ထာဝစဉ်အသက်ရှင်မည်ဖြစ်သည်။

# နိဂုံး

ဥယျာဉ်တွင်းရှိအာဒံနှင့်ဧဝအကြောင်း မောရှေရေးခဲ့သော ဤသင်ခန်းစာသည် ကတိတော်ပြည် သို့ ပြောင်းရွှေ့လာကြသောဣသရေလလူမျိုးကို ကူညီရန်ဖြစ်သည်ကို တွေ့ရသည်။ ဒေင်ဥယျာဉ်ထဲမှ အဖြစ်အပျက်များကိုခြေရာပြန်ကောက်ပြီး နောက်ပြန်ဆုတ်ဖို့ရန် လူမျိုးကို ကိုယ်တော်ခေါ်တော်မူသည်။ အကြောင်းအရာများစွာတွင်၊ ဤကျမ်းပိုဒ်၏သတင်းစကားသည် ယနေ့ ကျွန်ုပ်တို့အတွက် များစွာတူညီ နေပါသည်။ ကတိတော်ပြည်သို့ အရောက်လှမ်းရန် ဣသရေလလူတို့အား မောရှေ၏ခေါ်သံကိုကြားခြင်း ဖြင့်၊ ကျွန်ုပ်တို့သည်လည်း အာဒံနှင့်ဧဝ၏ခြေရာများကို မည်သို့ခြေရာပြန်ကောက်ကာ နောက်ပြန်ဆုတ်ရ မည်ကိုမြင်နိုင်သည်။ ခရစ်တော်ကိုယုံကြည်ကိုးစားပြီး သစ္စာရှိခြင်းဖြင့်၊ ကျွန်ုပ်တို့သည် ပရဒိသုဘုံ၏ ကယ်တင်ခြင်းအား ပျောက်ဆုံးခြင်းမှာပြန်လည်ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ့်ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။